ချမ်းမြေ့ရိပ်သာဆရာတော်

# နိုင်ငံခြားသားဘုန်းတော်ကြီးတစ်ပါး၏
# ဗုဒ္ဓဘာသာအမြင်
## အမေးအဖြေများ

| သာသနာနှစ် | မြန်မာနှစ် | ခရစ်နှစ် |
|---|---|---|
| ၂၅၃၇ | ၁၃၅၅ | ၁၉၉၃ |

မြဝတီ ပုံနှိပ်တိုက် ၁၈၁/၁၈၃ ဆူးလေဘုရားလမ်း၊
ရန်ကုန်တွင် အမှုဆောင် အရာရှိချုပ် ဦးသိန်းစိန် (၃၇၀၂)
မှ ထုတ်ဝေ၍ ဦးမြင့်ကြွယ်၊ အယ်ဒီတာချုပ် (၀၂၂၅၁) မှ
ပုံနှိပ်သည်။

ပထမအကြိမ်

စောင်ရေ - ၁၀၀၀၀

စက်တင်ဘာလ၊ ၁၉၉၃

## များလှအကျိုးတွေ

ဗုဒ္ဓမြတ်စွာ၊ ပွင့်ထွန်းလာ၍၊
သစ္စာလေးအင်၊ ရှစ်မဂ္ဂင်နှင့်၊
သုံးအင်လက္ခဏာ၊ သင်္ခတာ၊ သင်္ခတ၊
မြတ်ဓမ္မကို၊ နက်လှ ဉာဏ်တော်၊
ဟောထုတ်ဖော်၍၊ သူတော်အများ၊
သိရပြား၊ များလှ အကျိုးတွေ။

# တင်ပြပါရစေ

ကျေးဇူးရှင် ချမ်းမြေ့ဆရာတော်ဘုရားသည် ဤစာအုပ်ကို **၁၉၉၂ ခုနှစ် ဂျူလိုင်လ**တွင် **ကနေဒါနိုင်ငံ ဗန်ကူးဗားမြို့**၌ စ,တင် ဘာသာပြန်ဆိုခဲ့ပါသည်။ သို့သော်လည်း မြန်မာပြည် ပြန်ရောက်သောအခါ မအားလပ်သဖြင့် ဘာသာပြန်မှုကို ရပ်ဆိုင်းထားခဲ့ရပါသည်။ ၁၉၉၃ ခုနှစ် နွေရာသီ၌ အနောက်ဘက်သို့ ဓမ္မခရီးတဖန် ထွက်ပြန်မှပင် ဆက်လက် ပြန်ဆိုနိုင်ခဲ့သဖြင့် မေလတွင် **ဟော်လန်** တရားစခန်း၌ အပြီးသတ်ခဲ့ပါသည်။ ဇွန်လတွင် **ဂျာမနီ**၌ သီတင်းသုံးနေစဉ် စာမူကြမ်းကို မြန်မာပြည်သို့ ပြန်ပို့၍ မောင်ဇော်မြင့်ဦးကို ကွန်ပျူတာတွင် သွင်းစေခဲ့ရာ စာမူချော ဖြစ်ခဲ့ပါသည်။

ဆရာတော်ဘုရားသည် ဩဂုတ်လ ၃၀ ရက်နေ့၌ ဓမ္မခရီးမှ ပြန်ကြွခဲ့ပြီးနောက် စာမူချောကို ထပ်မံ သုတ်သင် တည်းဖြတ်ခဲ့ရာ စက်တင်ဘာလ ၄ ရက်နေ့တွင် ပုံနှိပ်ရန် အဆင်သင့် ဖြစ်ခဲ့ပါသည်။

ထိုအချိန်၌ မြတ်မင်္ဂလာ စာစောင်တွင် ယင်းမူရင်း အင်္ဂလိပ်စာအုပ်ကိုပင် ပညာရှင် တစ်ဦးက ဘာသာပြန်၍

အခန်းဆက်အဖြစ် ဖော်ပြနေသည်ကို တပည့်ဒကာများ လျှောက်ထား၍ သိရှိရာ ဆရာတော်ဘုရားက "အလုပ်များလို့ အခန်းဆက်သာ ဖတ်ဖို့ အချိန်ရသူတွေက အခန်းဆက်ကို ဖတ်ကြလိမ့်မယ်။ တစ်အုပ်လုံး တပေါင်းတည်း ဖတ်ဖို့ အချိန်ရသူ ဖတ်လိုသူတွေက ဒီစာအုပ်ကို ဖတ်ကြလိမ့်မယ်၊ စာဖတ်သူတွေအတွက် ပိုအဆင်ပြေတာပေါ့" ဟု ဝမ်းမြောက်ဝမ်းသာ မိန့်ကြား ပါသည်။

သို့ဖြင့် ဤစာအုပ်ကို စာရှုသူတို့ ရှေ့မှောက်သို့ ရောက်အောင် ကျွန်တော်များ တင်ဆက်ခွင့် ရခဲ့ပါသည်။ ဤစာအုပ် ထုတ်ဝေနိုင်ရန် ကူညီသူအားလုံးကို ကျေးဇူး တင်လှပါသည်။

**အားလုံး ကျန်းမာ ချမ်းမြေ့ကြပါစေ။**

**မောင်အောင်သိန်း**
**ဓမ္မဒေသနာပြန့်ပွါးရေး အဖွဲ့ငယ်**
**ချမ်းမြေ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့**

၁၃၅၅ ခုနှစ်၊ ဝါခေါင်လဆုတ် ၃ ရက်
၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်

# ချမ်းမြေ့ စာစဉ်များ

၁။ ဆင်းရဲငြိမ်းအေး ချမ်းသာရေးတရားတော် (ပဌမအကြိမ်)

၂။ ချမ်းမြေ့ အခြေပြုဗုဒ္ဓဘာသာ (ပဌမအကြိမ်)

၃။ ချမ်းမြေ့မင်္ဂလာ သင်စရာ (တတိယအကြိမ်)

၄။ ဂုဏ်တော်ဘုရားရှိခိုးနှင့် သိမှတ်ဖွယ်အထွေထွေ(အဋ္ဌမအကြိမ်)

၅။ အသံလွှင့်တရားတော်များ (ဒုတိယအကြိမ်)

၆။ ၁၉၈၅-ခုနှစ် တက္ကသိုလ်ဓမ္မသဘင် (ဒုတိယအကြိမ်)

၇။ လူ့ကြထိန်သက်န်းနှင့် မင်္ဂလမ်းကိုရွယ် (စတုတ္ထအကြိမ်)

၈။ အနောက်တိုင်းမှ ဘဝပြဿနာ (ကုန်ပြီ)

၉။ ချမ်းမြေ့ သာသနာတော်လျှောက်စာတန်း (ဒုတိယအကြိမ်)

၁၀။ နိုင်ငံခြားမှ ပေးစာများ (ကုန်ပြီ)

၁၁။ တတိယအကြိမ် ဓမ္မခရီး (ထွက်ပြီ)

၁၂။ ယောဂီသိဖွယ် အသွယ်သွယ် (ထွက်ပြီ)

၁၃။ နိုင်ငံခြားသား ဘုန်းတော်ကြီး တစ်ပါး၏ ဗုဒ္ဓဘာသာအမြင်
အမေးအဖြေများ (ထွက်ပြီ)

၁၄။ Vipassana Meditation Guidelines

၁၅။ Vipassana Meditation

၁၆။ Ordination Procedure and some rules of Vinaya

# နိုင်ငံခြားသား ဘုန်းတော်ကြီး တစ်ပါး၏ ဗုဒ္ဓဘာသာအမြင် အမေးအဖြေများ

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| တင်ပြပါရစေ | က ၊ ခ |
| ဤစာအုပ် | ၂ |
| ဗုဒ္ဓဘာသာဆိုတာ ဘာလဲ | ၉ |
| ဗုဒ္ဓဘာသာ၏ အခြေခံ အယူအဆ | ၃၄ |
| ဗုဒ္ဓဘာသာနှင့် ထာဝရဘုရား အယူအဆ | ၄၅ |
| ငါးပါးသီလ | ၅၆ |
| တမလွန်ဘဝ | ၆၇ |
| ကရုဏာနှင့် ပညာ | ၉၁ |
| သက်သတ်လွတ်ဝါဒ | ၉၉ |
| ကံနှင့် ကြမ္မာ | ၁၀၃ |
| ဗုဒ္ဓဘာသာဝင် တစ်ယောက် ဖြစ်ခြင်း | ၁၁၀ |

# နိုင်ငံခြားသား ဘုန်းတော်ကြီး တစ်ပါး၏
# ဗုဒ္ဓဘာသာအမြင် အမေး အဖြေများ

## ဤစာအုပ်

**ဘာသာပြန်**
**စ,တင်ခဲ့**

ဤ စာအုပ်သည် Good Question Good Answer ဟူသော အင်္ဂလိပ် စာအုပ်ကို မြန်မာဘာသာ ပြန်ထားသော စာအုပ် ဖြစ်သည်။ မူရင်း အင်္ဂလိပ် စာအုပ်ကို ၁၉၉၂ ခုနှစ် ဂျွန်လ၌ **ချီကာဂိုမြို့**တွင် တရားပြစဉ်က ရရှိခဲ့သည်။ စာအုပ်ကို ဖတ်ပြီးသောအခါ မြန်မာဘာသာ ပြန်ရလျှင် ခေတ်အမြင် ဗုဒ္ဓဘာသာ ဗဟုသုတ ရလိုသူများအတွက် အကျိုးများဖွယ် ရှိသည်ဟု စဉ်းစားမိသည်။ စဉ်းစားမိသည့် အတိုင်းပင် ဂျူလိုင်လတွင် ကနေဒါနိုင်ငံ **ဗန်ကူးဗားမြို့** တရားစခန်း၌ စ,တင် ဘာသာ ပြန်ခဲ့သည်။ ကနေဒါမှ မြန်မာပြည်သို့အပြန် လေယာဉ်ပေါ်၌လည်း ဆက်လက် ဘာသာ ပြန်ခဲ့သည်။ မြန်မာနိုင်ငံသို့ ပြန်ရောက်သောအခါ အချိန်အား မရ၍ ဆက်လက် ဘာသာ မပြန်နိုင်တော့ပေ။

**ပိုအရေးကြီးတာ ရေးရ** ထိုနှစ် နိုဝင်ဘာလ ၁၁ ရက်မှ စ၍ ထိုင်း၊ သြစတြေးလျ၊ နယူးဇီလန်၊ ဟိုနိုလူလူ၊ ဂျပန်၊ ကိုရီးယား စသော နိုင်ငံများသို့ ဓမ္မခရီး ထွက်သောအခါ အချိန်အား ရသလောက် ရပြန်သည်။ သို့သော် **'ဗုဒ္ဓသာသနာ စ,တင် ပြန့်ပွါးပုံ'** စာမူသစ်ကို ရေးဖို့က ပိုအရေးကြီးသောကြောင့် ဘာသာပြန် စာမူကို ဘေးဖယ်ထားရပြန်သည်။ စာမူသစ်ကို နယူးဇီလန်၌ စ,တင် ရေးဖြစ်သည်။ နယူးဇီလန်မှ ဟိုနိုလူလူသို့ အသွား လေယာဉ်ပေါ်၌ လည်းကောင်း၊ ဟိုနိုလူလူ၌ လည်းကောင်း၊ ဟိုနိုလူလူမှ ဂျပန်သို့အသွား လေယာဉ်ပေါ်၌ လည်းကောင်း ဆက်လက် ရေးခဲ့ရာ တိုကျိုသို့ ရောက်ခါနီး၌ North West Airline လေယာဉ် ပေါ်တွင် **'ဗုဒ္ဓသာသ နာ စ,တင်ပြန့်ပွါးပုံ'** စာမူကြမ်း အပြီးသတ်ခဲ့သည်။ ချမ်းမြေ့သို့ ပြန်ရောက်သည့်အခါ စာမူကြမ်းကို သုတ်သင် တည်းဖြတ် အချောသပ်ပြီးလျှင် **'ချမ်းမြေ့ သာသနာတော်လျှောက် စာတမ်း'** ကို ဒုတိယအကြိမ် ပုံနှိပ်ရာတွင် ထည့်သွင်း ပုံနှိပ်လိုက်ရာ အလုပ်တစ်ခု ပြီးသွားသည်။

**ဒီတစ်အုပ်လည်း ပြီးပါပြီ သို့သော်** ၁၉၉၃ ခုနှစ် မေလ ၈ ရက် နေ့မှ စ,တင် ထွက်ခဲ့သော ဤ ဓမ္မခရီး၌ ဆိုင်းထားခဲ့ရသော ဘာသာပြန်စာမူကို

ဆက်လက် ပြန်ဆိုရန် အချိန်အား ရပြန်သည်။ ဤခရီးသည် ဥရောပ ၇ နိုင်ငံ၊ အမေရိကန် ၆ မြို့နှင့် နောက်ဆုံး ကနေဒါ နိုင်ငံ ဗန်ကူးဗားမြို့အထိ လှည့်လည်ရမည်ဖြစ်ရာ အချိန် ၄ လနီးပါး ကြာမည်ဖြစ်၍ ဘာသာပြန် စာမူကြမ်း ပြီးရမည်ဟု ခန့်မှန်းထားခဲ့သည်။ သို့ဖြင့် အင်္ဂလန် တောင်ပိုင်း **နယူတန်အက်ဘော့** မြို့နှင့် မလှမ်းမကမ်းရှိ **ဂိုင်ယာဟောက်စ်** တရားစခန်း၌ လည်းကောင်း၊ အင်္ဂလန် နိုင်ငံ အရှေ့ဘက်ကမ်းခြေ **ရှီးယားနက်စ်** ဆိပ်ကမ်းမှ ဟော်လန်နိုင်ငံ **ဗလစ်ဆင်ငင်** ဆိပ်ကမ်းသို့အကူး **အိုလာဝု ဟော်လန်ဒီယာ** သင်္ဘောပေါ်၌ လည်းကောင်း၊ ယခု ရောက်နေသော ဟော်လန်နိုင်ငံ **အော်ဆင်ဒရက်** တရားစခန်း ၌ လည်းကောင်း ဆက်လက်ရေးခဲ့ရာ ဤ တရားစခန်းသို့ ရောက်ပြီးနောက် ၄ ရက်အကြာ၊ ၁၉၉၃ ခုနှစ် မေလ ၂၈ ရက်နေ့တွင် ဤဘာသာပြန် စာအုပ် စာမူကြမ်း အပြီးသတ် နိုင်ခဲ့သည်။ အလုပ်တစ်ခု ပြီးသွားပြန်၍ ဝမ်းမြောက်ရ ပြန်သည်။

သို့သော် **'ကံတမလွန်'** စာမူကို တည်းဖြတ်ဖို့ အလုပ်က စောင့်ကြိုလျက် ရှိသည်။ ကံတမလွန် စာမူကို တပည့်တစ်ဦးက တစ်မူ၊ သမီးနှင့်သား ပုံနှိပ်တိုက်ပိုင်ရှင် ဦးရွှေစိုးက တစ်မူ ကက်ဆက်ခွေမှ ကူးပေးထားသည်မှာ အနည်းဆုံး ရှစ်နှစ်ခန့် ကြာသွားပေပြီ။ ယခုမှပင် ဒီစာမူကို

တည်းဖြတ်ဖို့ အလှည့်ကျတော့သည်။ သို့သော် စာမူက လန်ဒန်၌ ကျန်ခဲ့၍ ဂျူလိုင်လ ၆ ရက်နေ့ လန်ဒန် ပြန်ရောက်မှပဲ တည်းဖြတ်မှု စ,နိုင်တော့မည်။

**မူရင်းစာအုပ် ရေးသူ** ယခု ဤဘာသာပြန် စာအုပ်၏မူရင်း အင်္ဂလိပ် စာအုပ်ကို ရေးသူမှာ သြစတြေးလျ နိုင်ငံသား ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး Shravasti Dhammika ဆိုသူ ဖြစ်သည်။ ဤ ဘုန်းတော်ကြီးကို ဘုန်းကြီး လူကိုယ်တိုင် မတွေ့ဘူးပါ။ ၁၉၉၃ ခုနှစ် ဖေဖေါ်ဝါရီလတွင် စင်္ကာပူနိုင်ငံ ဗုဒ္ဓဘာသာ စာကြည့်တိုက်နှင့် မြန်မာကျောင်းတို့တွင် ဘုန်းကြီး အင်္ဂလိပ်ဘာသာဖြင့် တရား နှစ်ကြိမ် ဟောခဲ့ရာ ဤ **အရှင်ဓမ္မိက** တရားနာကြောင်း သိရသည်။

အရှင် **ဓမ္မိက**သည် ထင်ရှားသော ကထိက တစ်ပါး ဖြစ်ကြောင်း သူ၏ ဖြစ်စဉ်၌ ဖတ်ရှုရသည်။ သြစတြေးလျ နိုင်ငံ တက္ကသိုလ်များ၊ ရုပ်မြင်သံကြားဌာနများ၊ အသံလွှင့် ဌာနများနှင့် အာရှတိုက် နိုင်ငံ အချို့၌ ဗုဒ္ဓဘာသာနှင့် အခြား အရှေ့တိုင်း ဘာသာတရားများ အကြောင်း ဟောပြောလေ့ရှိကြောင်း သိရသည်။ ယခု စင်္ကာပူနိုင်ငံ၌ သီတင်းသုံးလျက် ရှိသည်။

**ဘာသာပြန်သူ၏ ရည်ရွယ်ချက်**

အရှင်ဓမ္မိကသည် ဤစာအုပ်၌ ဗုဒ္ဓဘာသာအကြောင်း မေးလေ့မေးထရှိသော မေးခွန်းများကို ဖြေထားသည်။ မေးခွန်း အများစုမှာ အမှန်တကယ် မေးကြသော မေးခွန်းများဖြစ်၍ အချို့မှာမူ ထိုမေးခွန်းများနှင့် နီးနွယ်လျက် မေးနိုင်ဖွယ်ရှိသော မေးခွန်းများကို ဖြေထားဟန် တူသည်။ မည်သို့ပင်ဖြစ်စေ စာရေးသူသည် သူ၏ ဗုဒ္ဓဘာသာအမြင်ကို အမေးအဖြေ ပုံစံဖြင့် တင်ပြထားသည်ဟု ဆိုနိုင်သည်။ သူ၏အမြင် သူ၏အဖြေများ လုံးဝအုပ်စုံကျေနပ်ဖွယ် ရှိကောင်းမှ ရှိပါမည်။ သို့သော်လည်း အမေးအဖြေ ဗဟုသုတ ရကြစေရန်နှင့် နိုင်ငံခြားသား ဗုဒ္ဓဘာသာဘုန်းတော်ကြီး တစ်ပါး၏ ဗုဒ္ဓဘာသာ အမြင်ကို လေ့လာနိုင်ကြစေရန် ရည်သန်၍ ဤစာအုပ်ကို ထုတ်ဝေခြင်းဖြစ်ပါသည်။ ခေတ်နှင့် လျော်ညီအောင် တင်ပြထားသဖြင့် ဗုဒ္ဓတရားတော်နှင့် တစ်ထပ်တည်း မကျဘဲ အနည်းငယ်တိမ်းယိမ်းနေသော အချက်များကို ဘာသာပြန်သူက မှတ်ချက်များဖြင့် တည့်မတ်ပေးထားသည်။

**ဘာသာပြန်နှင့် မူရင်းစာအုပ်**

ဘာသာပြန်ရာတွင် စာရှုသူများ နားလည် လွယ်စေရန် အင်္ဂလိပ်ဘာသာ ရေးဟန်သို့ မလိုက်ဘဲ

မြန်မာဆန်နိုင်သမျှ ဆန်အောင် လွတ်လွတ်လပ်လပ် ပြန်ဆို ထားပါသည်။ မူရင်းစာအုပ် ရေးသူ၏ ရေးနည်းရေးဟန်အရ ဘာသာပြန်သူကိုယ်တိုင် ဘဝင်မကျနိုင်သော နေရာ နှစ်နေရာ ရှိပါသည်။ အရေးမကြီးလှသော နေရာများဖြစ်၍ မှတ်ချက် မရေးလိုက်တော့ပါ။

သိပ္ပံပညာရှင်ကြီး **တောမတ် ဟတ်စ်လေး**၏ စာတစ်ပုဒ်ကို ဤစာအုပ် တစ်နေရာ၌ ကိုးကား ဖော်ပြ ထားရာ ဆိုလိုရင်းကို ခြုံ၍ နားလည်သော်လည်း အသေးစိတ် အဓိပ္ပါယ်ကို အတိအကျ သဘောမပေါက်ပါ။ အင်္ဂလန်ကို ရောက်ခိုက်မှာ အင်္ဂလိပ်လူမျိုး စာပေသမား နှစ်ဦးကို ရှင်းပြပေးရန် အကူအညီ တောင်းကြည့်ရာ သူတို့လည်း တိတိကျကျ နားမလည်ကြောင်း ပြောကြသည်။ သို့ဖြစ်၍ ဆိုလိုရင်း အဓိပ္ပါယ်ကိုသာ အကျဉ်းချုံး ဖော်ပြလိုက်သည်။ သို့သော်လည်း မူရင်း စာရေးသူက သူ၏ အယူအဆ ခိုင်မာစေရန် သာမန်အားဖြင့် ကိုးကား ဖော်ပြသော စာပိုဒ်မျှသာဖြစ်၍ အရေးကြီးလှသော အချက်ကား မဟုတ်ပေ။ ဤကဲ့သို့သော နေရာများတွင် အင်္ဂလိပ်ဘာသာ ကျွမ်းကျင်သော ပုဂ္ဂိုလ်များ မိမိတို့ကိုယ်တိုင် မူရင်းစာသားကို အားပါးတရ ဖတ်ရှုနိုင်ရန် မူရင်း အင်္ဂလိပ် စာအုပ်ကိုပါ တွဲဖက်၍ ပုံနှိပ် ထုတ်ဝေခြင်း ဖြစ်သည်။

**စိတ်ဝင်စားဖွယ်ရာ** အရှင်ဓမ္မိကသည် ဤစာအုပ်၌ **ဗုဒ္ဓဘာသာအမြင်များ** ခေါင်းစဉ် ကိုးခု တပ်၍ သူ၏ ဗုဒ္ဓဘာသာ အမြင်များကို တင်ပြထားသည်။ ဗုဒ္ဓဘာသာဆိုတာ ဘာလဲ၊ ဗုဒ္ဓဘာသာ၏ အခြေခံ အယူအဆ၊ ဗုဒ္ဓဘာသာနှင့် ထာဝရဘုရား အယူအဆ၊ ငါးပါးသီလ၊ တမလွန်ဘဝ၊ ကရုဏာနှင့်ပညာ၊ သက်သတ်လွတ်ဝါဒ၊ ကံနှင့်ကြမ္မာ၊ ဗုဒ္ဓဘာသာတစ်ယောက် ဖြစ်လာခြင်း။ ဤခေါင်းစဉ် ကိုးခုအောက်၌ ယင်းတို့နှင့် ပတ်သက်သော သူ၏အမြင်များကို စိတ်ဝင်စားဖွယ်ရာ အမေးအဖြေများဖြင့် တင်ပြထားရာ ဖတ်ချင်စဖွယ်၊ မှတ်ချင်စဖွယ်၊ ဆင်ခြင် စဉ်စားချင်စဖွယ်တို့ချည်း ဖြစ်သဖြင့် စာရှုသူများအတွက် အကျိုးကျေးဇူး များလိမ့်မည်ဟု ယူဆပါသည်။

**ချမ်းမြေ့ဆရာတော်**
**အော်ဆင်ဒရက် တရားစခန်း**
**နယ်သာလင်နိုင်ငံ**

သာသနာ ၂၅၃၇ ခုနှစ်
မြန်မာ ၁၃၅၅ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်
ခရစ် ၁၉၉၃ ခုနှစ်၊ မေလ ၃၀ ရက်

# နိုင်ငံခြားသား ဘုန်းတော်ကြီး တစ်ပါး၏
# ဗုဒ္ဓဘာသာအမြင် အမေး အဖြေများ

## ၁။ ဗုဒ္ဓဘာသာဆိုတာ ဘာလဲ။

မေး ။ ။ ဗုဒ္ဓဘာသာဆိုတာ ဘာလဲ။

ဖြေ ။ ။ 'ဗုဒ္ဓဘာသာ' ဆိုတဲ့ စကားလုံးဟာ 'ဗုဓိ' ဆိုတဲ့ စကားလုံးမှ လာတာပါ။ 'ဗုဒ္ဓ' ဆိုတာ (ကိလေသာ တည်းဟူသော အိပ်ပျော်ခြင်းမှ) 'နိုးလာသူ'လို့ အဓိပ္ပါယ် ရပါတယ်။ ဒါကြောင့် ဗုဒ္ဓဘာသာဆိုတာ နိုးကြားရေး အတွေးအမြင် (ဒဿန) ပညာပါပဲ။ ဒီ ဒဿနပညာကို ဂေါတမနွယ်ဖွါး သိဒ္ဓတ္ထမင်းသားကနေ ဘုရား ဖြစ်လာတဲ့ ဗုဒ္ဓမြတ်စွာဘုရားက စ,တင် ဟောပြောခဲ့ပါတယ်။

ဗုဒ္ဓရှင်တော်မြတ်ဘုရားဟာ သက်တော် ၃၅ နှစ်မှာ (ကိလေသာ တည်းဟူသော အိပ်ပျော်ခြင်းမှ) နိုးလာပြီးလျှင်

ဘုရားအဖြစ်သို့ ရောက်တော်မူပါသည်။ ဗုဒ္ဓဘာသာဟာ နှစ်ပေါင်း ၂၅၀၀ ကျော် ကြာမြင့်ခဲ့ပြီ ဖြစ်လို့ ဗုဒ္ဓဘာသာဝင်ပေါင်း သန်းသုံးရာကျော် ရှိနေပါပြီ။ လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်ရာလောက် အထိတော့ ဗုဒ္ဓဘာသာဟာ အရှေ့တိုင်း ဒဿနပညာရပ် တစ်ခုအဖြစ်သာ တည်ရှိခဲ့ ပါတယ်။ သို့သော်လဲယခုအချိန်မှာ ဥရောပနှင့် အမေရိကတိုက်ရှိ နိုင်ငံပေါင်း များစွာမှာလဲ ဗုဒ္ဓဘာသာဝင် ဦးရေ တဖြည်းဖြည်း တိုးပွါးနေပါတယ်။

**မေး ။ ။ ဒီလိုဆိုရင် ဗုဒ္ဓဘာသာဟာ ဒဿနပညာရပ် တစ်ခုဘဲပေါ့။**

ဖြေ ။ ။ ဒဿနပညာဆိုတာ အင်္ဂလိပ်စကား Philosopy ကို ဘာသာ ပြန်ထားတာပါ။ အဘိဓာန်များ ဖွင့်ပြချက်အရ ဆိုရင် 'philo' ဆိုတာ 'ချစ်ခင်ခြင်း မေတ္တာ' လို့ ဆိုလိုပါတယ်။ 'sophy' ဆိုတာ 'ပညာ' လို့ အဓိပ္ပါယ် ရပါတယ်။ ဒီတော့ 'Philosopy' ဆိုတာ 'ပညာကို ချစ်ခင်ခြင်း'၊ သို့မဟုတ် 'မေတ္တာနှင့် ပညာ' လို့ အဓိပ္ပါယ် ရပါတယ်။

ဒီစကား နှစ်လုံးဟာ ဗုဒ္ဓဘာသာရဲ့ အဓိပ္ပါယ်ကို အပြည့်အဝ ဖေါ်ပြနိုင်ပါတယ်။ ဗုဒ္ဓဘာသာ တရားက သဘာဝတရားကို ကြည်လင်ပြတ်သားစွာ ကျွန်ုပ်တို့

နားလည်  နိုင်ရေးအတွက်  အပြည့်စုံဆုံး  ဉာဏ်ပညာ အရည်အသွေး တိုးတက်အောင် ကြိုးစားကြဖို့ သင်ပေး ပါတယ်။ ပြီးတော့ ကျွန်ုပ်တို့ဟာ သတ္တဝါအားလုံးရဲ့ မိတ်ဆွေသဖွယ် ဖြစ်နိုင်စေရန် မေတ္တာ ကရုဏာတရား တိုးပွါးအောင် ကြိုးစားဖို့ကိုလဲ သင်ပေးပါတယ်။ ဒါကြောင့် ဗုဒ္ဓဘာသာကို အတွေးအမြင် ပညာတစ်ရပ်လို့ ဆိုနိုင်သော်လဲ သာမန် အတွေးအမြင်ပညာ မဟုတ် ပါဘူး။ မြင့်မြတ်သော အတွေးအမြင်ပညာ (Supreme Philosopy)သာ ဖြစ်ပါတယ်။

**မေး ။ ။ ဗုဒ္ဓဆိုတာ ဘယ်သူပါလဲ။**

**ဖြေ** ။ ။ ခရစ်မပေါ်မီ ၅၆၃ ခုနှစ်မှာ အိန္ဒိယပြည် မြောက်ပိုင်း (ကပိလဝတ်ပြည်) ဘုရင်သုဒ္ဓေါဒနနှင့် မိဖုရား မယ်တော်မာယာတို့မှ သားကလေးတစ်ယောက် ဖွားမြင် ပါတယ်။ ဒီမင်းသားကလေးဟာ စည်းစိမ်ဉစ္စာ ပြည့်ပြည့် စုံစုံနှင့် ကြီးပြင်းရသော်လဲ နောက်ဆုံးမှာ လောကီစည်းစိမ် ဉစ္စာတွေဟာ ချမ်းသာပျော်ရွှင်မှုကို မပေးနိုင်ဘူးဆိုတာ တွေ့လာရတယ်။ ဒီမင်းသားဟာ သူ့ပတ်ဝန်းကျင်မှာ သူတွေ့မြင်ရတဲ့ ဆင်းရဲဒုက္ခတွေကြောင့် အကြီးအကျယ် စိတ်မချမ်းမသာဖြစ်ပြီး လူသားတို့ ချမ်းသာရေးအတွက် သော့ချက်ကိုရှာဖို့ ဆုံးဖြတ်လိုက်တယ်။ အသက် ၂၉ နှစ် ရှိတဲ့

အခါ ဒီမင်းသားဟာ သူ့ရဲ့ကြင်ယာတော် (ယသောဓရာ)နှင့် သားတော် (ရာဟုလာ)ကို ထားခဲ့ပြီးတော့ အဲဒီခေတ်က ဘာသာရေး ဆရာကြီးများရဲ့ အထံမှာ အသိပညာ ဆည်းပူးဖို့ ထွက်လာခဲ့တယ်။ သူတို့ဟာ ဒီမင်းသားကို မြောက်မြားစွာ သင်ကြား ပေးကြသော်လဲ သူတို့ကိုယ်တိုင် ဆင်းရဲဒုက္ခရဲ့ အကြောင်းရင်း ဇစ်မြစ်ကို မသိကြတဲ့အတွက် ဒီဆင်းရဲ ဒုက္ခကို ဘယ်လို ကျော်လွှန် အောင် လုပ်နိုင်တယ်ဆိုတာကိုလဲ မသိကြဘူး။

သိဒ္ဓတ္ထမင်းသာဟာ (ဥရုဝေလတော)မှာ ခြောက်နှစ် ကြာအောင် လေ့လာ ပွါးများ အားထုတ်ပြီးတဲ့ အခါမယ် အဝိဇ္ဇာကို ပယ်ခွါနိုင်တဲ့အတွက် (အမှန်တရားကို) ထိုးထွင်း သိမြင်သွားပါတယ်။* အဲဒီအချိန်ကစပြီး သူ့ကို 'ဗုဒ္ဓ' (ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းမှ) 'နိုးလာသူ'လို့ ခေါ်ဝေါ် သမုတ်ကြပါတယ်။ ဗုဒ္ဓရှင်တော် မြတ်ဘုရားဟာ အဲဒီအချိန်မှစ,ပြီး ၄၅ နှစ်ပတ်လုံး အိန္ဒိယပြည် မြောက်ပိုင်းမှာ သူတွေ့သိထားတဲ့ တရားတော်များကို လှည့်လည် ဟောပြောခဲ့ပါတယ်။

---

* ဥရုဝေလတောဌ် ဒုက္ကရစရိယာ ခြောက်နှစ်ကြာ ကျင့်စဉ်က ဘုရား မဖြစ်သေးပါ။ ထိုအကျင့်များကို စွန့်၍ အာနာပါနရှုာန် အခြေခံလျက် မဂ္ဂင်ရှစ်တန် ပွါးမှသာ ဘုရားအဖြစ်သို့ ရောက်ပါသည်။

ရှင်တော်မြတ်ဘုရားရဲ့ ကြီးမားလှတဲ့ မဟာ ကရုဏာတော်နှင့် ခန္တီတရားကြောင့် များစွာသော လူတို့ဟာ တပည့်သာဝကအဖြစ် ခံယူကြပါတယ်။ သက်တော်ရှစ်ဆယ် ပြည့်တော်မူတဲ့အခါ သဘာဝအလျောက် အိုခြင်းတရား၊ နာခြင်းတရားများ ဖိစီးနှိပ်စက် ခံရသော်လဲ ချမ်းမြေ့အေးငြိမ်းလျက်ပင် နောက်ဆုံးမှာ ပရိနိဗ္ဗာန်ဝင်စံတော် မူပါတယ်။

**မေး ။ ။ ဗုဒ္ဓဟာ သူ့ရဲ့ ကြင်ယာတော်နဲ့ သားတော်ကို ပစ်ထားခဲ့တဲ့အတွက် တာဝန်မဲ့ရာ မရောက်ဘူးလား။**

**ဖြေ ။ ။** ဗုဒ္ဓမြတ်စွာဟာ သူ့ရဲ့ ကြင်ယာတော်နဲ့ သားတော်ကို လွယ်လွယ်နဲ့ ပစ်ထားနိုင်ခဲ့တာ မဟုတ်ပါဘူး။ သူ အချိန် အကြာကြီး စဉ်းစားပြီး တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေခဲ့ပါတယ်။ နောက်ဆုံးကျမှ သူ့မိသားစုကို ကျွေးမွေးစောင့်ရှောက်တာထက် တလောကလုံးရဲ့ အကျိုးကို ဆောင်ရွက်တာက ပိုပြီး အကျိုး ကြီးမားတယ်လို့ ဆုံးဖြတ်ပြီး ဒီလမ်းကို ရွေးချယ်လိုက်တာပါပဲ။ ကြီးမားတဲ့ မဟာကရုဏာတော်က ဗုဒ္ဓမြတ်စွာကို တလောကလုံးရဲ့ အကျိုးကို ဆောင်စေတာပါပဲ။ ဗုဒ္ဓမြတ်စွာရဲ့ ကိုယ်ကျိုးစွန့်ပြီး အဆင်းရဲအပင်ပန်း ခံမှုကြောင့် တလောကလုံး ကြီးမားတဲ့ အကျိုးကို အခုတိုင် ခံစားနေကြရတာ ဖြစ်ပါတယ်။

ဒါကိုကြည့်ရင် ဗုဒ္ဓမြတ်စွာဟာ တာဝန်မမဲ့ကြောင်း ထင်ရှားပါတယ်။ ဒါဟာ အကြီးမားဆုံးသော စွန့်လွှတ်မှု ကြီးပါပဲ။

**မေး ။ ။ ဗုဒ္ဓက ပရိနိဗ္ဗာန် စံသွားပြီဆိုတော့ သူက ကျွန်ုပ်တို့ကို ဘယ်လို ကူညီနိုင်ပါသလဲ။**

**ဖြေ** ။ ။လျှပ်စစ်ဓာတ်ကိုတွေ့ရှိတဲ့ **မိုက်ကယ် ဖာရာဒေး** ဟာ ကွယ်လွန်သွားပါပြီ။ သို့သော်လဲ သူ့ရဲ့ တွေ့ရှိချက်က ကျွန်ုပ်တို့ကို အခုတိုင် ကူညီနေပါတယ်။ ရောဂါပေါင်း များစွာကို ကုသတဲ့ ကုထုံးတွေကို တွေ့ရှိတဲ့ **လူးဝစ်ပါးစ်ချား** ဟာလဲ ကွယ်လွန်သွားပါပြီ။ သို့သော်လဲ သူတွေ့ရှိတဲ့ ကုထုံးတွေက အခုတိုင် အသက်ပေါင်း များစွာကို ကယ်နေဆဲပါပဲ။

ကျော်ကြားတဲ့ အနုပညာ များစွာကို တီထွင်ဖန်တီးခဲ့တဲ့ **လီယိုနာဒိုဒါဗင်ချီ** ဟာလဲ သေသွားပါပြီ။ သို့သော်လဲ သူဖန်တီးခဲ့တဲ့ အနုပညာတွေက လူတွေကို အခုတိုင် ပျော်ရွှင်မှု ပေးနေဆဲပါပဲ။ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ကြီးများနဲ့ အာဇာနည် ပုဂ္ဂိုလ်ကြီးများ ကွယ်လွန်သွားကြတာ ရာစုနှစ်ပေါင်းများစွာ ကြာသော်လဲ သူတို့အကြောင်းကို ကျွန်ုပ်တို့ ဖတ်ရှုရတဲ့အခါမှာ သူတို့လို နေထိုင် ပြုမူလိုစိတ်များ ကျွန်ုပ်တို့ သန္တာန်မှာ တဖွားဖွား ပေါ်လာပါတယ်။

ဟုတ်ပါတယ်။ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတာဟာ နှစ်ပေါင်း ၂၅၀၀ ကျော် ကြာသွားပါပြီ။ သို့သော်လဲ ရှင်တော်မြတ်ဘုရားရဲ့ တရားတော်များဟာ အခုတိုင် ကူညီနေဆဲပါပဲ။ ဗုဒ္ဓမြတ်စွာရဲ့ နမူနာကောင်းတွေက လူတွေကို အခုတိုင် အားတက်စေတုန်းပါပဲ။ သူ့စကားတော်တွေက အခုတိုင် လူတွေရဲ့ ဘဝတွေကို ပြောင်းလဲစေတုံးပါပဲ။ ဗုဒ္ဓမြတ်စွာမှာသာလျှင် ပရိနိဗ္ဗာန်စံပြီးနောက် ရာစုနှစ်ပေါင်းများစွာ ကြာသည့်တိုင်အောင် ဒီလိုစွမ်းအားများ ရှိနေနိုင်တာ ဖြစ်ပါတယ်။

**မေး ။ ။ ဗုဒ္ဓဟာ ထာဝရဘုရား (God) လား။**

**ဖြေ ။ ။** ဗုဒ္ဓမြတ်စွာဟာ ထာဝရဘုရား မဟုတ်ပါဘူး။ ဗုဒ္ဓမြတ်စွာက သူဟာ ထာဝရဘုရား လို့ဖြစ်စေ၊ ထာဝရဘုရားရဲ့ သားတော်လို့ဖြစ်စေ၊ ထာဝရဘုရားက လွှတ်လိုက်တဲ့ တမန်တော်လို့ဖြစ်စေ မမိန့်ကြားပါဘူး။ ဗုဒ္ဓမြတ်စွာဟာ အလုံးစုံ ပြည့်စုံတဲ့ လူသား တစ်ဦးပါပဲ။ ဒါကြောင့် သူ့လို ကျွန်ုပ်တို့ ကြိုးစားလျှင် ကျွန်ုပ်တို့လဲ သူ့လိုပဲ အလုံးစုံ ပြည့်စုံသူများ ဖြစ်နိုင်ကြောင်း မိန့်ကြားတော်မူပါတယ်။

မေး ။ ။ ဗုဒ္ဓဟာ ထာဝရဘုရား မဟုတ်ရင် ဘာကြောင့် သူ့ကို လူတွေက ရှိခိုး ကိုးကွယ်နေကြသလဲ။

ဖြေ ။ ။ ကိုးကွယ်နည်း အမျိုးမျိုး ရှိပါတယ်။ တချို့က တစ်စုံတစ်ခုသော တန်ခိုးရှင်ဘုရားကို (a God) ကိုးကွယ်တဲ့အခါ အဲဒီဘုရားကို ချီးကျူးထောပနာ ပြုကြတယ်။ ဂုဏ်ပြု ကြတယ်။ တစ်စုံတစ်ရာ ပူဇော် ပသ ကြတယ်။ ကိုယ်လိုတာကို ဘုရားဆီမှာ တောင်းကြတယ်။ အဲဒီလို လုပ်ကြတာကတော့ မိမိတို့ရဲ့ ချီးကျူးထောပနာသံကို အဲဒီဘုရားက ကြားလိမ့်မယ်လို့ ယုံကြည်လို့၊ ပူဇော် ပသတာကို လက်ခံလိမ့်မယ်လို့ ယုံကြည်လို့၊ ဆုတောင်း တာကို ဖြည့်ဆည်းပေးလိမ့်မယ်လို့ ယုံကြည်လို့ပါပဲ။

ဗုဒ္ဓဘာသာဝင်တွေ ကတော့ ဒီလို ကိုးကွယ် ဆည်းကပ်မှု မျိုးကို မလုပ်ကြပါဘူး။

တခြား ကိုးကွယ် ဆည်းကပ်မှု တစ်မျိုးကတော့ မိမိတို့ လေးမြတ်ကြည်ညိုတဲ့ ပုဂ္ဂိုလ် တစ်ဦးဦး သို့မဟုတ် တစ်စုံတစ်ရာကို ရိုသေသမှု ဂါရဝ ပြုကြတယ်။ ဆရာ အခန်းထဲ ဝင်လာရင် နေရာက ထ,ပေးကြတယ်။ ဂုဏ်သရေရှိတဲ့ လူနဲ့တွေ့ရင် လက်ဆွဲနှုတ်ဆက်ကြတယ်။ အမျိုးသားသီချင်း တီးရင် မတ်တပ်ရပ် အလေးပြုကြတယ်။ ဒါတွေအားလုံးဟာ ရိုသေလေးစားမှုကို ပြတဲ့ အမူအရာတွေ

ပါပဲ။ လေးမြတ်ကြည်ညိုမှုကို ဖော်ပြကြတာ ဖြစ်ပါတယ်။ ဒီလို အရိုအသေ ဂါရဝပြုပြီး ရှိခိုး ကိုးကွယ်မှုဟာ ဗုဒ္ဓဘာသာဝင်များ ပြုလုပ်ကြတဲ့ ရှိခိုး ကိုးကွယ်မှုမျိုးပါပဲ။

တင်ပျဉ်ခွေ ထိုင်ပြီး ရင်ခွင်ထက်မှာ လက်နှစ်ဖက်ကို ရွရွကလေးချထားတဲ့ ဗုဒ္ဓရုပ်ပွါးတော်ရဲ့ မဟာကရုဏာတော် ဖြင့် ကြည်လင် လန်းဆန်းနေတဲ့ မျက်နှာတော်ဟာ ကျွန်ုပ်တို့ရဲ့ သန္တာန်မှာ ငြိမ်းအေးမှုနဲ့ မေတ္တာတရား တိုးပွါးအောင် ကြိုးစားကြဖို့ ကျွန်ုပ်တို့ကို သတိပေး နေပါတယ်။ အမွှေးတိုင်ရဲ့ အမွှေးနံ့က ကျွန်ုပ်တို့ သန္တာန်မှာ ကောင်းမှုကုသိုလ်တွေ ပျံ့နှံ့နေစေဖို့ သတိပေးနေပါတယ်။ ဆီမီးကတော့ ပညာဆီမီး တန်ဆောင် ထွန်းပြောင်စေဖို့ သတိပေးပါတယ်။ ကပ်လှူထားတဲ့ ပန်းများရဲ့ ညှိုးနွမ်း ကြွေကျသွားတဲ့ သဘောက ကျွန်ုပ်တို့အား အနိစ္စတရားကို သတိရစေပါတယ်။ ဗုဒ္ဓရုပ်ပွါးတော်ရှေ့မှာ ဦးညွှတ် ရှိခိုးခြင်းက ကျွန်ုပ်တို့ကို တရားဓမ္မ ဟောပြောညွှန်ပြ ဆုံးမတော်မူတဲ့အတွက် ဗုဒ္ဓရှင်တော် မြတ်ဘုရားရဲ့ ဂုဏ်ကျေးဇူးတော်ကို လေးမြတ်ကော်ရော် ပူဇော်ခြင်း ဖြစ်ပါတယ်။ ဒါဟာ ဗုဒ္ဓဘာသာဝင်များရဲ့ ရှိခိုး ကိုးကွယ်မှုပါပဲ။

**မေး ။ ။ ဗုဒ္ဓဘာသာဝင်များဟာ ရုပ်တုကို ကိုးကွယ်ကြတယ်လို့ တချို့လူများက ပြောတာ ကြားဘူးပါတယ်။ ဟုတ်ပါသလား။**

ဖြေ ။ ။ ဒီလို အပြောမျိုးဟာ ဗုဒ္ဓဘာသာကို နားလည်မှားနေတဲ့ လူတွေ ပြောကြတဲ့ စကားတွေပါ။ အဘိဓာန်များကတော့ 'ရုပ်တုကို ထာဝရဘုရား (God) အဖြစ်နဲ့ ရှိခိုး ကိုးကွယ်ကြတာကို ရုပ်တု ကိုးကွယ်မှု' လို့ ဖွင့်ပြကြပါတယ်။ သိကြတဲ့အတိုင်းပဲ ဗုဒ္ဓဘာသာဝင်များဟာ ဗုဒ္ဓမြတ်စွာကို ထာဝရဘုရားတစ်ပါး (God) အနေနဲ့ ယုံကြည် သိမှတ်ကြတာ မဟုတ်ပါဘူး။ ဒီတော့ ဗုဒ္ဓဘာသာဝင်များဟာ သစ်သားရုပ်တု၊ သံရုပ်တု၊ ကြေးရုပ်တု စသည်ကို ဘယ်မှာ ကိုးကွယ်ကြပါမလဲ။

သို့သော်လဲ တစ်ခုတော့ ရှိပါတယ်။ ဘာသာတရားတိုင်းမှာ ဘာသာဝင်တိုင်းဟာ အယူအဆ အမျိုးမျိုးကို ဖော်ပြဖို့ အမှတ်လက္ခဏာ (Symbol) အမျိုးမျိုးကို အသုံးပြုကြပါတယ်။ ဥပမာ – တာအိုဘာသာမှာဆိုရင် ဆန့်ကျင်ဘက် နှစ်ခုတို့ရဲ့ ညီညွတ် ပေါင်းစည်းမှုကို ဖော်ပြဖို့ရာ **ယင်နဲ့ယန်** (Ying - Yang)ကို အမှတ်လက္ခဏာအဖြစ် အသုံးပြုပါတယ်။ ဆစ်ဘာသာမှာ ဘာသာရေးဆိုင်ရာ ရန်းကန်လှုပ်ရှားမှုကို ဖော်ပြဖို့ရာ ဓားကို အမှတ်လက္ခဏာအဖြစ် အသုံးပြုပါတယ်။ ခရစ်ယာန်

ဘာသာမှာ ခရစ်တော် တည်ရှိခြင်းကို ဖော်ပြဖို့ရာ ငါးကို အမှတ်လက္ခဏာအဖြစ် အသုံးပြုကြတယ်။ ခရစ်တော်ရဲ့ လူသားအတွက် အသက်စွန့်လွှတ်မှုကို ဖော်ပြဖို့ရာ လက်ဝါးကပ်တိုင်ကို အမှတ် လက္ခဏာအဖြစ် အသုံးပြု ပါတယ်။ ဗုဒ္ဓဘာသာမှာ လူသားတစ်ဦးရဲ့ အလုံးစုံ ပြီးပြည့်စုံမှုကို ဖော်ပြဖို့ရာ ဘုရားရုပ်တုတော်ကို အမှတ် လက္ခဏာအဖြစ် အသုံးပြုကြပါတယ်။

ဗုဒ္ဓရုပ်တုတော်က ဗုဒ္ဓရဲ့ တရားတော်များမှာ ပါဝင်တဲ့ လူသားနဲ့ သက်ဆိုင်တဲ့ သဘာဝများကို ကျွန်ုပ်တို့အား သတိရစေပါတယ်။ ဗုဒ္ဓဘာသာဟာ လူသားကို ဗဟိုပြုတယ်။ ထာဝရဘုရား (God) ကို ဗဟိုမပြုဘူး ဆိုတဲ့ အချက်နဲ့ အလုံးစုံ ပြီးပြည့်စုံရေးနဲ့ အသိမှန် အမြင်မှန် ရရေးအတွက် ဗဟိဒ္ဓသန္တာန်ကို မကြည့်ရဘူး၊ အဇ္ဈတ္တသန္တာန်ကိုသာ ကြည့်ရမယ်ဆိုတဲ့ အချက်ကိုလဲ ကျွန်ုပ်တို့အား သတိရ စေပါတယ်။ ဒါ့ကြောင့် ဗုဒ္ဓဘာသာဝင်တွေဟာ ရုပ်တုကို ရှိခိုးကိုးကွယ်တယ်ဆိုတဲ့ စွပ်စွဲပြောဆိုချက်တွေဟာ မမှန် ပါဘူး။

မေး ။ ။ တရုတ် ဗုဒ္ဓဘာသာ ဘုရားကျောင်းတွေထဲမှာ "စက္ကူပိုက်ဆံ" တွေကို မီးရှို့တာတွေ၊ ပြီးတော့ တခြား ထူးထူးဆန်းဆန်း လုပ်ကြတာ တွေ့ရပါတယ်။ အဲဒါတွေကို ဘာကြောင့် လုပ်ကြပါသလဲ။

ဖြေ ။ ။ ကျွန်ုပ်တို့ဟာ ကျွန်ုပ်တို့ နားမလည်တဲ့ အရာများကို တွေ့ရတဲ့အခါ အဲဒါတွေဟာ ကျွန်ုပ်တို့အတွက် ထူးဆန်းနေတတ်ပါတယ်။ အဲဒီလိုဟာတွေကို အထူးအဆန်းတွေပဲလို့ အမှတ်တမဲ့ ဘာသိဘာသာ မနေပဲ အဲဒါတွေရဲ့ အဓိပ္ပါယ်တွေကို ရှာဖွေဖို့ ကြိုးစားသင့်ကြပါတယ်။

မှန်ပါတယ်၊ တစ်ခါတရံမှာ ဗုဒ္ဓဘာသာဝင်တွေ လိုက်နာ လုပ်ဆောင်နေကြတာတွေဟာ ဗုဒ္ဓတရားတော်မှာ အခြေမခံပဲ နားလည်မှားမှုနဲ့ အများယုံကြည် လက်ခံထားတဲ့ အစွဲအလမ်းပေါ်မှာ အခြေခံထားတာ တွေ့ရတတ်ပါတယ်။ ဒီလိုကိစ္စတွေဟာ ဗုဒ္ဓဘာသာ တစ်ခုတည်းမှာသာ မဟုတ်ပါဘူး။ ဘာသာတိုင်းမှာပဲ ရံဖန်ရံခါ တွေ့ရတတ် ပါတယ်။

ဗုဒ္ဓမြတ်စွာဟာ တရားတော်များကို ရှင်းလင်းပြတ်သားစွာ အသေးစိတ် ဟောပြတော်မူပါတယ်။ အဲဒါကိုမှ ပြည့်ပြည့်စုံစုံ နားမလည်ရင်တော့ ဗုဒ္ဓမြတ်စွာကို အပြစ်ဆိုလို့ မဖြစ်နိုင်ပါဘူး။ ဒါနဲ့ပတ်သက်လို့ မှတ်သားဖွယ် အဆုံးအမ တစ်ခုကတော့ -

"ရောဂါဝေဒနာ ခံစားနေရသော လူတစ်ယောက်သည် ဆေးဆရာအထံမှ ဆေးကုသမှု ခံယူဖို့ လွယ်ကူပါလျက်နဲ့ ကုသမှုကို မခံယူလျှင် ဆေးဆရာ၏ အပြစ်မဟုတ်ပေ။"

"ထို့အတူပင် ကိလေသာရောဂါ အဖိစီး အနှိပ်စက်ခံနေရသူသည် မြတ်စွာဘုရား၏ တရားတော်များ ရှိနေပါလျက်နဲ့ တရားဆေးဖြင့် မကုစားလျှင် မြတ်စွာဘုရား၏ အပြစ်မဟုတ်ပေ။"

ဗုဒ္ဓဘာသာကိုပဲဖြစ်စေ၊ တခြား ဘာသာတရားကိုပဲဖြစ်စေ အဲဒီဘာသာတရားအကြောင်း ကောင်းကောင်းနားမလည်သူများက အမှား, အမှန်, အဆိုး, အကောင်းကို မဆုံးဖြတ်သင့်ပါဘူး။

**မေး ။ ။ ဗုဒ္ဓဘာသာဟာ ဒါလောက်ကောင်းနေတယ်ဆိုရင် တချို့ ဗုဒ္ဓဘာသာ နိုင်ငံတွေ ဘာကြောင့် ဆင်းရဲနေသလဲ။**

ဖြေ ။ ။ သင်ရဲ့အမေးမှာ ဆင်းရဲတယ်ဆိုတာ စီးပွါးရေးအရ ဆင်းရဲတာကို ဆိုလိုရင် ဟုတ်ပါတယ်။ တချို့ ဗုဒ္ဓဘာသာ နိုင်ငံတွေ ဆင်းရဲကြတာ မှန်ပါတယ်။ သို့သော်လဲ တကယ်လို့သာ 'ဘဝအရည်အသွေး နိမ့်ကျ

၂၃၆၆၅

ဆင်းရဲမှု'ကို ဆိုလိုရင်တော့ တချို့ ဗုဒ္ဓဘာသာ နိုင်ငံတွေဟာ အလွန် ချမ်းသာကြပါတယ်။

ဥပမာ – အမေရိကန်နိုင်ငံ ဆိုကြပါစို့။ စီးပွါးရေးအရ အင်မတန် ချမ်းသာကြွယ်ဝပြီး အင်အားကောင်းတဲ့ နိုင်ငံကြီးပေါ့။ သို့သော်လဲ ကမ္ဘာမှာ ရာဇဝတ်မှု ရာနှုန်း အမြင့်မားဆုံးနိုင်ငံ တစ်နိုင်ငံ ဖြစ်နေတယ်။ သန်းပေါင်း များစွာသော အဘိုးအို အဘွားအိုတွေကို သူတို့ သားသမီး တွေက ပစ်ထားကြတယ်။ ဂရုမစိုက်ကြဘူး။ ဒါနဲ့ပဲ ဘိုးဘွားရိပ်သာမှာ အထီးကျန်ဘဝနဲ့ ဘဝဇာတ် သိမ်းသွား ကြရတယ်။ မိသားစုအတွင်းမှာ ရက်စက် ကြမ်းကြုတ်မှုတွေ၊ ခလေးတွေကို အမျိုးမျိုး ဖျက်ဆီးမှု တွေဟာ ကြီးမားတဲ့ ပြဿနာကြီးတွေ ဖြစ်နေတယ်။ ဇနီးမောင်နှံစုံ သုံးစုံမှာ တစ်စုံဟာ ကွာရှင်း ပြတ်စဲထားတယ်။ ညစ်ညမ်းစာပေ၊ ညစ်ညမ်းရုပ်ရှင် ဆိုတာတွေကိုလဲ လွယ်လွယ်နဲ့ ဖတ်နိုင် ကြည့်နိုင်ကြတယ်။ စည်းစိမ်ဥစ္စာ အနေနဲ့ ကြွယ်ဝ ချမ်းသာသော်လဲ ဘဝ အရည်အသွေး အနေနဲ့ ဆင်းရဲ နိမ့်ကျနေပါတယ်။

အခု မြန်မာနိုင်ငံ ဆိုကြပါစို့။ စီးပွါးရေး အနေနဲ့ နိမ့်ကျနေတဲ့ နိုင်ငံ တစ်နိုင်ငံပဲ။ သို့သော်လဲ သားသမီး တွေက မိဘတွေကို ရိုသေမြတ်နိုးကြတယ်။ ပြုစု စောင့်ရှောက် ကြတယ်။ ရာဇဝတ်မှုလဲ တခြားနိုင်ငံတွေနှင့် စာလျှင်

အလွန်နည်းတယ်။ ကျွာရှင်း ပြတ်စဲမှုတို့၊ ကိုယ့်ကိုယ်ကို သတ်သေမှုတို့ဆိုတာ မကြားရသလောက်ပဲ။ မိသားစုအတွင်း ရက်စက် ကြမ်းကြုတ်မှုတို့၊ ကလေးသူငယ်တွေကို ဖျက်ဆီးမှု တို့၊ ညစ်ညမ်းစာပေ၊ ညစ်ညမ်းရုပ်ရှင်တို့၊ လိင်ဆက်ဆံရေး လိုင်စင်တို့ဆိုတာ မရှိဘူး။ စီးပွါးရေး နိမ့်ကျသော်လဲ အမေရိကနိုင်ငံလို နိုင်ငံထက် ဘ၀အရည်အသွေး ပိုပြီး မြင့်မားပါတယ်။

ဗုဒ္ဓဘာသာနိုင်ငံတွေကို စီးပွါးရေးပေတံ တစ်ခုတည်း နဲ့ တိုင်းတာလျှင်တောင်မှ အချမ်းသာ အကြွယ်၀ဆုံး ဒီနေ့ကမ္ဘာမှာ စီးပွါးရေးအင်အား အတောင့်တင်းဆုံး ဗုဒ္ဓဘာသာ နိုင်ငံကို လက်ညှိုး ထိုးပြနိုင်ပါတယ်။ အဲဒါ ကတော့ လူဦးရေရဲ့ ၉၃ ရာနှုန်းဟာ ဗုဒ္ဓဘာသာ၀င်တွေ ဖြစ်နေတဲ့ ဂျပန်နိုင်ငံပါပဲ။

**မေး ။ ။ ဗုဒ္ဓဘာသာ၀င်တွေ ကုလိုလ်ဖြစ် လုပ်ငန်းတွေ လုပ်ကြတာ သိပ်မကြားမိပါဘူး။ အဲဒါ ဘာကြောင့်လဲ။**

ဖြေ ။ ။ ဗုဒ္ဓဘာသာ၀င်တွေလဲ ကုသိုလ်ဖြစ် လုပ်ငန်းတွေ လုပ်ကြပါတယ်။ သင်မကြားမိတာကတော့ ဗုဒ္ဓဘာသာ၀င်များဟာ သူတို့လုပ်တဲ့ ကုသိုလ် ကောင်းမှုတွေ

အကြောင်းကို ဝါကြွားပြောဆိုဖို့ မလိုဘူးလို့ ယူဆထားကြလို့ ဖြစ်ပါလိမ့်မယ်။

နှစ်ပေါင်း တော်တော်ကြာဆိက ဂျပန် ဗုဒ္ဓဘာသာ ခေါင်းဆောင် တစ်ယောက်ဖြစ်တဲ့ **နစ်ခိုနိဝါနို** ဟာ ဘာသာတရားအားလုံး ပေါင်းစည်းညီညွတ်မှု တိုးတက်ရေးကို လုပ်ဆောင်တဲ့အတွက် (Templeton Prize) **တင်ပယ်လ်တန်ဆု**ကို ရရှိပါတယ်။ အလားတူပဲ ထိုင်းဗုဒ္ဓဘာသာ ဘုန်းတော်ကြီး တစ်ပါးဟာ မူးယစ်ဆေးစွဲသူများကို ကုသရာမှာ ထူးချွန်တဲ့အတွက် **မက်ဆေးဆေး**ဆုကို ရရှိခဲ့ပါတယ်။ ၁၉၈၇ ခုနှစ်တုန်းကလဲ အရှင် **ကန္တယပိဝတ်** ဆိုတဲ့ ထိုင်းဘုန်းကြီး တစ်ပါးဟာ ကျေးလက်တောရွာများမှာရှိတဲ့ အခြေအနေမဲ့ ကလေးများကို နှစ်ပေါင်းများစွာကြာအောင် ပြုစု စောင့်ရှောက်ခဲ့တဲ့အတွက် '**နော်ဝေ ကလေးများ၏ ငြိမ်းချမ်းရေးဆု**'ကို ရရှိခဲ့ပါတယ်။ **အနောက်တိုင်း ဗုဒ္ဓဘာသာအဖွဲ့** (Western Buddhist Order) ဟာ အိန္ဒိယပြည်မှာ ဆင်းရဲသားများအတွက် ကြီးမားကျယ်ပြန့်တဲ့ လူမှုရေး လုပ်ငန်းတွေကို လုပ်ဆောင်နေပါတယ်။ စာသင်ကျောင်းတွေ၊ ကလေး ပြုစုစောင့်ရှောက်ရေး ဌာနတွေ၊ ဆေးပေးခန်းတွေ၊ တနိုင် စက်မှုလုပ်ငန်းအသေးစားတွေ တည်ထောင်ပြီး ပြုစု ပျိုးထောင်ပေးနေပါတယ်။

ဗုဒ္ဓဘာသာဝင်များဟာ တခြား ဘာသာဝင်များလိုပဲ သူတစ်ပါးကို အကူအညီ ပေးရတာဟာ သူတို့ရဲ့ ဘာသာတရား လိုက်နာကျင့်ကြံမှုကို ဖော်ပြတာပဲလို့ သိမြင်မှတ်ယူကြပါတယ်။ သို့သော်လဲ ဒါတွေကို ကိုယ့်ကိုယ်ကို မထင်ပေါ်စေပဲ တိုးတိုးတိတ်တိတ်ပဲ လုပ်သင့်တယ်လို့ ယုံကြည်ကြပါတယ်။ ဒါကြောင့် သူတို့ရဲ့ ကုသိုလ်ဖြစ် လုပ်ငန်းတွေအကြောင်းကို သင် သိပ်မကြားရတာ ဖြစ်ပါလိမ့်မယ်။

**မေး ။ ။ ဘာကြောင့် ဗုဒ္ဓဘာသာတွေ အမျိုးမျိုး ကွဲပြားနေပါသလဲ။**

ဖြေ ။ ။ လူတွေ စားသုံးကြတဲ့ သကြားတွေလဲ အမျိုးမျိုး ရှိကြတာ မဟုတ်လား။ သကြားဖြူ၊ သကြားညို၊ ကျောက်သကြား၊ သကြားရည်၊ ရေခဲသကြား စသည် အမျိုးမျိုး ရှိကြတာပဲ။ သို့သော်လဲ အားလုံးဟာ သကြားချည်းပဲ၊ ပြီးတော့ သကြားတိုင်းဟာ ချိုကြတာချည်းပဲ။ မချိုတဲ့ သကြားရယ်လို့ မရှိဘူး။ ဒီလို သကြား အမျိုးမျိုးအစားစား ထုတ်ကြတာက သူတို့ကို သုံးစွဲပုံ သုံးစွဲနည်း အမျိုးမျိုး ရှိကြလို့ပါပဲ။ ဗုဒ္ဓဘာသာလဲ ထို့အတူပါပဲ။ ထေရဝါဒ ဗုဒ္ဓဘာသာ၊ ဈင်းဗုဒ္ဓဘာသာ၊ အမိတာဘာ ဗုဒ္ဓဘာသာ၊ ယောဂါစာရ ဗုဒ္ဓဘာသာ၊

ဝဇိရယာန ဗုဒ္ဓဘာသာ စသည်ဖြင့် ကွဲပြားနေကြသော်လဲ အနှစ်သာရအားဖြင့် အတူတူပါပဲ။ အဲဒီအနှစ်သာရက ဘာလဲဆိုတော့ ကိလေသာမှ လွတ်မြောက်ခြင်း၊ ဆင်းရဲမှ လွတ်မြောက်ခြင်းဆိုတဲ့ အနှစ်သာရပါပဲ။ ဗုဒ္ဓဘာသာဟာ သူဖြစ်ပေါ်ရာ ယဉ်ကျေးမှု အမျိုးမျိုးနဲ့ ဟပ်မိအောင် အသွင် အမျိုးမျိုးနဲ့ ဖွံ့ဖြိုး တိုးတက်လာခဲ့ပါတယ်။ အသစ်ဖြစ်တဲ့ မျိုးဆက် အသီးသီးနဲ့ ကိုက်ညီအောင် ရာစုနှစ်များ တလျှောက်မှာ ဗုဒ္ဓဘာသာကို ပြန်ပြီး အဓိပ္ပါယ် ဖွင့်ဆိုကြပါတယ်။ ပြင်ပ ပုံပန်းသဏ္ဍာန် အနေနဲ့ အမျိုးမျိုး ကွဲပြားနေတယ်လို့ ထင်ရသော်လဲ အားလုံးရဲ့ ဗဟိုချက်မ အနှစ်သာရကတော့ သစ္စာလေးပါး မဂ္ဂင်ရှစ်ပါးပါပဲ။

ဗုဒ္ဓဘာသာ အပါအဝင် ဘာသာကြီးများအားလုံးဟာ ဂိုဏ်း အမျိုးမျိုး ကွဲခဲ့ကြပါတယ်။ သို့သော်လဲ ဗုဒ္ဓဘာသာ ဂိုဏ်းအမျိုးမျိုးဟာ အချင်းချင်း ဘယ်တော့မှ စစ်ပွဲတွေ မဆင်နွှဲခဲ့ကြပါဘူး။ သူတို့ဟာ အချင်းချင်း ဘယ်တော့မှ ရန်မပွါး ခဲ့ကြပါဘူး။ ခုခေတ်မှာဆိုရင် ဂိုဏ်းတစ်ပါးရဲ့ ကျောင်းကန်ဘုရားကို တစ်ခြား ဂိုဏ်းတစ်ခုက သွားရောက်ပြီး အတူတကွ ဘုရားဝတ်ပြုကြပါတယ်။ တခြား ဘာသာရေး လောကမှာ ဒီလို အချင်းချင်း နားလည်မှု လက်ခံ ညီညွတ်မှုဆိုတာ တကယ်တော့ အလွန်ရှားပါတယ်။

**မေး ။ ။ သင်က ဗုဒ္ဓဘာသာကို အလွန် အထင်ကြီးတာပဲ။ သင်ဟာ သင့်ဘာသာတရားကို မှန်တယ်လို့ ယူဆပြီး တခြားဘာသာ အားလုံးကို မှားတယ်လို့ ယူဆပုံရတယ်။**

ဖြေ ။ ။ ဗုဒ္ဓမြတ်စွာရဲ့ တရားတော်များကို နားလည် သဘောပေါက်တဲ့ ဗုဒ္ဓဘာသာဝင် မည်သူမဆို တခြား ဘာသာတရား မှားတယ်လို့ မထင်ကြပါဘူး။ တခြား ဘာသာတရားများကို ပွင့်ပွင့်လင်းလင်း ဝေဖန် စစ်ဆေးဖို့ရာ စစ်မှန်တဲ့ လုံ့လဝီရိယကို ပြုသူမှန်သမျှ ဘယ်သူမှ အဲဒီလို မထင်ကြပါဘူး။ ဘာသာတရား အမျိုးမျိုးကို လေ့လာတဲ့ အခါမှာ ပထမဆုံး သတိပြုမိတာကတော့ ဒီဘာသာတရား တွေဟာ အချင်းချင်း ဘယ်လောက်များများ တူညီကြတယ် ဆိုတဲ့ အချက်ပါပဲ။

အားလုံးသော ဘာသာတရားများက လူသားရဲ့ လက်ရှိအခြေအနေဟာ ကျေနပ်ဖွယ် မရှိဘူးလို့ ဝန်ခံကြတာပါပဲ။ လူသားရဲ့ အခြေအနေ တိုးတက်လိုရင် စိတ်နေစိတ်ထား အပြုအမူ ပြောင်းလဲဖို့ လိုအပ်တယ်လို့ အားလုံး ယုံကြည်ကြပါတယ်။ ဘာသာတရား အားလုံးဟာ မေတ္တာ၊ ကရုဏာ၊ ပေးကမ်းလှူဒါန်းခြင်း၊ လူမှုရေး တာဝန်ဝတ်တရားများ ဆောင်ရွက်ခြင်း စတဲ့ ကျင့်ဝတ်များကို သင်ကြားပေးကြပါတယ်။ ဒီဘာသာတရား အားလုံးက

အဆုံးစွန် ပြည့်စုံတဲ့ သဘောတစ်ခုဟာ ပုံသဏ္ဌာန် အမျိုးမျိုးနဲ့ ရှိတယ်ဆိုတာ လက်ခံကြပါတယ်။

ဘာသာတရားများက ဒီ လုံးဝအုပ်စုံ ပြည့်စုံတဲ့ သဘာဝကို ဘာသာစကား အမျိုးမျိုး၊ နာမည်အမျိုးမျိုး၊ အမှတ်အသား အမျိုးမျိုးနဲ့ ရှင်းလင်း ဖော်ပြကြပါတယ်။ အရာရာကို တစ်ဘက်သတ် ရှုမြင်သုံးသပ်တဲ့နည်းကို အမြင်ကျဉ်းစွာ တွယ်ကပ်ထားကြတဲ့ အခါမှာသာ သည်းမခံနိုင်မှု၊ မာနတရားနဲ့ ကိုယ်သာမှန် စိတ်ထားတွေ ဖြစ်ပွါးပေါ်ပေါက် လာတတ်ပါတယ်။

စဉ်းစားကြည့်ပါ။ အင်္ဂလိပ်၊ ပြင်သစ်၊ တရုတ်၊ အင်ဒိုနီးရှား လူ ၄ ဦး ကော်ဖီပန်းကန် တစ်လုံးကို ကြည့်ကြတယ် ဆိုပါစို့။ အဲဒီပန်းကန်ကို အင်္ဂလိပ်က 'Cup' လို့ခေါ်တယ်။ ပြင်သစ်က 'Tasse' လို့ခေါ်တယ်။ တရုတ်က 'Pei'၊ အင်ဒိုနီးရှားက 'Cawan' လို့ခေါ်တယ်။ အဲဒါ သူ့အခေါ်မှန်တယ်၊ တစ်ခြားလူ့အခေါ် မှားတယ်လို့ ကိုယ့်အဘိဓာန် ကိုယ်ကိုးကားပြီး အကြောက်အကန် ငြင်းခုံနေကြပါရော။ အဲဒီအခိုက်မှာ ဗုဒ္ဓဘာသာဝင်တစ်ဦး ရောက်လာပြီး ဘာမှပြောမနေဘဲ ကော်ဖီပန်းကန်ကို ကောက်ယူပြီး မော့သောက်ပြစ်လိုက်ပါတယ်။ ပြီးတော့မှ သူက ဟိုလူလေးယောက်ကို ပြောလိုက်တယ်။ "ဒီပန်းကန်ကို ဘယ်လိုပဲ မိတ်ဆွေတို့ခေါ်ခေါ် လိုရင်းက ဒါကို ကော်ဖီ

သောက်ဖို့ အသုံးပြုတာပါပဲ၊ ငြင်းခုံနေလို့ ဘာအကျိုးရှိမလဲ၊ သောက်ဖို့ပန်းကန်ကို သောက်လိုက်မှ အမောပြေပြီး လန်းဆန်းလာမှာပေါ့၊ အဲဒါ လိုရင်းပဲ။" ဒါဟာ ဘာသာတရားများအပေါ် ဗုဒ္ဓဘာသာကမြင်တဲ့ အမြင်၊ ထားတဲ့ စိတ်ထားပါပဲ။

**မေး ။ ။ ဗုဒ္ဓဘာသာဟာ သိပ္ပံနည်း ကျပါသလား။**

**ဖြေ** ။ ။ ဒီအမေးကို မဖြေမီ 'သိပ္ပံ' ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပါယ်ကို ရှာကြည့်တာ အကောင်းဆုံး ဖြစ်ပါလိမ့်မယ်။ အဘိဓာန်များက ဒီလိုဖွင့်ပြကြပါတယ်။ 'သိပ္ပံ' ဆိုတာ တကယ်ဖြစ်နေတဲ့ သဘာဝတစ်ခုကို လက်တွေ့မျက်မြင် ကြည့်ရှုခြင်းနှင့်၊စမ်းသပ်ခြင်းတို့အပေါ် အခြေခံပြီး စနစ်တစ်ခု ဖေါ်ထုတ်တဲ့ပညာ၊ တိတိကျကျ လေ့လာစမ်းသပ် သိရှိထားတဲ့ အရာတစ်ခုနဲ့ ပတ်သက်လို့ သဘာဝကျတဲ့ နည်းလမ်း ဥပဒေသများ သတ်မှတ်ဖေါ်ပြတဲ့ ပညာပါပဲ။ အဲဒီပညာရဲ့ အစိတ်အပိုင်း တစ်ခုခုလဲ သိပ္ပံပါပဲ။

ဗုဒ္ဓဘာသာမှာ ဒီဖွင့်ဆိုချက်နဲ့ မကိုက်ညီတဲ့ အချက်အလက်များ ရှိကောင်း ရှိနိုင်ပါတယ်။ သို့သော်လဲ ဗုဒ္ဓဘာသာရဲ့ လိုရင်း တရားဖြစ်တဲ့ သစ္စာလေးပါးကတော့ သေသေချာချာ ကိုက်ညီပါတယ်။ ပထမဆုံး အမှန်တရားက **ဒုက္ခသစ္စာ**ပါ။ ဒီမှာ ဒုက္ခ ဆင်းရဲခြင်းဆိုတာ ကိုယ်တိုင်တွေ့သိ

ခံစားရတဲ့ အရာပါ။ သူ့ကို အဓိပ္ပါယ် သတ်မှတ်လို့လဲ ရပါတယ်။ လက်တွေ့ ခံစား သိမြင်လို့လဲ ရပါတယ်။

ဒုတိယ အမှန်တရားက **သမုဒယသစ္စာ**ပါ။ လိုချင်တပ်မက်မှု တဏှာကို ဆိုလိုပါတယ်။ ဆင်းရဲဒုက္ခကို ဖြစ်ပေါ်စေတဲ့ အကြောင်းဖြစ်တဲ့ ဒီတဏှာဟာလဲ ကိုယ်တိုင်တွေ့သိ ခံစားရတဲ့ အရာပါ။ အဓိပ္ပါယ် သတ်မှတ်လို့လဲ ရတယ်။ လက်တွေ့ ခံစား သိမြင်လို့လဲ ရပါတယ်။ ဒီဒုက္ခနဲ့ ဒုက္ခရဲ့ အကြောင်းတရား အမှန်ကို ဒဿနပညာဆိုင်ရာ စကားလုံးတွေနဲ့ ရှင်းပြဖို့ မလိုပါဘူး။ကိုယ်တွေ့ ခံစားသိမြင်ရတဲ့ အရာတွေပါ။

တတိယ အမှန်တရားကတော့ **နိရောဓသစ္စာ**ပါ။ ဆင်းရဲကုန်ဆုံးတဲ့သဘော၊ ဆင်းရဲငြိမ်းတဲ့ သဘောပါ။ ဒီသဘောကို အနန္တတန်ခိုးရှင်ဆိုသူ တစ်ဦးဦးကို အားကိုးလို့ မရပါဘူး။ ယုံကြည်ရုံမျှ ဆုတောင်းရုံမျှနဲ့လဲ မရနိုင်ပါဘူး။ ဆင်းရဲဒုက္ခရဲ့ အကြောင်းတရားကို ပယ်သတ်နိုင်မှပဲ ရပါတယ်။

စတုတ္ထ အမှန်တရားကတော့ ဆင်းရဲငြိမ်းစေတဲ့ နည်းလမ်းဖြစ်တဲ့ **မဂ္ဂသစ္စာ**ပါ။ ဒီ ဆင်းရဲငြိမ်းရေး နည်းလမ်းကလဲ ဒဿနပညာ သဘောတရားတွေနဲ့ လုံးဝ မသက်ဆိုင်ပါဘူး။ သတ်မှတ်ပေးထားတဲ့ နည်းလမ်းအတိုင်း လက်တွေ့ကျင့်မှပဲ ရပါတယ်။ ဒီနည်းလမ်းကလဲ အစမ်းသပ်ခံ နည်းလမ်းပါ။

သိပ္ပံပညာမှာလိုပဲ ဗုဒ္ဓဘာသာကို ရှင်းပြဖို့လဲ အနန္တ တန်ခိုးရှင် အယူအဆကို လက်ခံဖို့ မလိုပါဘူး။ ဗုဒ္ဓဘာသာ ကိုယ်တိုင်က စကြာဝဠာ ကမ္ဘာလောကကြီးရဲ့ အလုပ်လုပ်ပုံ ကို သဘာဝ နိယာမတွေနဲ့ ရှင်းပြထားပါတယ်။

ဒီအချက်အားလုံးက ဗုဒ္ဓဘာသာရဲ့ သိပ္ပံနည်းကျ အနှစ်သာရကို သေချာစွာ ဖေါ်ဆောင် နေပါတယ်။ ဒီမှာလဲ ကျွန်ုပ်တို့ကို ဗုဒ္ဓမြတ်စွာ အမြဲတစေ ဆုံးမခဲ့တဲ့ အဆုံးအမက ကျွန်ုပ်တို့ဟာ ဘယ်အရာကိုမဆို အကန်းယုံ အရမ်းယုံ မယုံမိကြဖို့၊ မေးမြန်း၊ စုံစမ်း၊ စစ်ဆေး၊ စမ်းသပ်ပြီးမှ ကိုယ်တိုင် တွေ့သိခံစားရတဲ့ အရာပေါ်မှာ အခြေခံပြီး ယုံသင့်မှ ယုံဖို့ပါပဲ။ ဒီအဆုံးအမမှာ တိကျတဲ့ သိပ္ပံနည်းကျ အမြင် ပါဝင်နေပါတယ်။ ရှင်တော်မြတ်ဘုရား ဆုံးမပုံက –

"ဗျာဒိတ်စကား ဆိုရုံနဲ့ မယုံကြည်ပါနှင့်။ အစဉ်အဆက် ယုံကြည်လက်ခံလာတာ ဖြစ်ရုံနှင့် မယုံကြည်ပါနှင့်။ သတင်းကြားနဲ့လဲ မယုံကြည် ပါနှင့်။ မြင့်မြတ်တဲ့ ကျမ်းစာများမှာ ပါရုံနဲ့လဲ မယုံကြည်ပါနှင့်။ တဆင့် စကားမျှနှင့်လဲ မယုံကြည်ပါနှင့်။ စဉ်းစားတွေးခေါ်ရေး တက္ကဗေဒ၊ ဒဿနိကဗေဒတွေနဲ့ ကိုက်ညီရုံမျှ နှင့်လဲ မယုံကြည် ပါနှင့်။ ပြောတဲ့လူက ယုံကြည်ထိုက်တဲ့ ပုဂ္ဂိုလ်

ဖြစ်ရုံမျှနှင့်လဲ မယုံကြည်ပါနှင့်။ မိမိဆရာ ဖြစ်ရုံမျှနှင့်လဲ မယုံကြည်ပါနှင့်။ သင်ကိုယ်တိုင် ကောင်းတဲ့အရာပဲ၊ အပြစ်ကင်းတဲ့ အရာပဲ၊ ပညာရှိတို့ ချီးမွမ်းအပ်တဲ့ အရာပဲ၊ လက်တွေ့ ကျင့်ကြည့်တဲ့ အခါမှာလဲ မုချ ချမ်းသာစေနိုင်တဲ့ အရာပဲလို့ ကိုယ်တွေ့ သိမြင်ရတဲ့ အခါကျမှပဲ အဲဒါကို ယုံကြည် လက်ခံ လိုက်နာ ကျင့်ကြံပါ။"

ဒါ့ကြောင့် ဗုဒ္ဓဘာသာဟာ ပြည့်ပြည့်ဝဝ သိပ္ပံ နည်းကျတယ်လို့ မဆိုနိုင်သော်လဲ အတော် ခိုင်မာတဲ့ သိပ္ပံနည်းကျ သဘောသဘာဝတွေတော့ ပါဝင်ပါတယ်။ ပြီးတော့ တခြား ဘာသာတရားတွေထက် ပိုပြီး သိပ္ပံ နည်းကျတယ်လို့တော့ ပြောနိုင်ပါတယ်။

နှစ်ဆယ်ရာစုနှစ်မှာ အကြီးမြတ်ဆုံး သိပ္ပံပညာရှင် ဖြစ်တဲ့ **အဲလ်ဘတ်အိုင်းစတိုင်း**က ဗုဒ္ဓဘာသာနဲ့ ပတ်သက်လို့ ဒီလိုပြောပါတယ်။

"နောင်တစ်ချိန်ချိန်မှာ စကြဝဠာ တစ်ခုလုံး ကိုးကွယ်ကြတဲ့ ဘာသာတရားတစ်ခု ဖြစ်ပေါ် လာလိမ့်မယ်။ အဲဒီဘာသာတရားဟာ ထာဝရ ဘုရား အယူအဆကို လွှမ်းမိုးသွားလိမ့်မယ်။ တယူသန် တရားသေ ဝါဒကိုလဲ ရှောင်လွှဲနိုင်

လိမ့်မယ်။ သဘာဝတရားနှင့် ဘာသာတရား နှစ်ခုလုံးကို လွှမ်းခြုံမိတဲ့ ဒီဘာသာတရားဟာ ရုပ်နာမ်နှစ်ပါးကို ကိုယ်တွေ့ ခံစား သိမြင်မှုနဲ့ အဓိပ္ပါယ် ပြည့်ဝတဲ့ ပေါင်းစည်း ညီညွတ်မှုပေါ်မှာ အခြေခံလိမ့်မယ်။ ဒီအချက်တွေကို ဗုဒ္ဓဘာသာက အဖြေပေးလိမ့်မယ်။ တကယ်လို့သာ ခေတ်သစ် သိပ္ပံနည်းကျ လိုအပ်ချက်များကို ဖြည့်ဆည်း ပေးနိုင်တဲ့ ဘာသာတရားတစ်ခု ရှိတယ်ဆိုရင် အဲဒီ ဘာသာတရားဟာ ဗုဒ္ဓဘာသာပဲ ဖြစ်လိမ့်မယ်။”

## ၂။ ဗုဒ္ဓဘာသာ၏ အခြေခံ အယူအဆ

မေး ။ ။ ဗုဒ္ဓဘာသာရဲ့ ပဓာန တရားတွေဟာ ဘာတွေလဲ။

ဖြေ ။ ။ဘီးတစ်ခုရဲ့ အနားခွေနဲ့ ထောက်များဟာ အလယ်ချက် ပုံတောင်းကို ဗဟိုပြုသလိုပဲ ဗုဒ္ဓရဲ့ တရားတော် အားလုံးဟာလဲ မြတ်သော အမှန်တရား လေးပါး (သစ္စာလေးပါး) ပေါ်မှာ ဗဟိုပြုပါတယ်။ ဒီတရားတော်ကို အရေအတွက်အားဖြင့် လေးခုရှိလို့ 'လေးပါး' လို့ ဆိုရပါတယ်။ ဒီတရားတော်ကို သိမြင်သူကို မြတ်သော ပုဂ္ဂိုလ်အဖြစ်သို့ ရောက်စေတတ်လို့ 'မြတ်သော' လို့ ဆိုရပါတယ်။ မဖေါက် မပြန် မှန်ကန်တဲ့ ပရမတ္ထ သဘာဝနဲ့ ကိုက်ညီလို့ 'အမှန်တရား' လို့ ဆိုရပါတယ်။ ဒါကြောင့် 'မြတ်သော အမှန်တရား လေးပါး' ဟာ ဗုဒ္ဓဘာသာရဲ့ လိုရင်း ပဓာန တရားပါပဲ။

**မေး ။ ။ ပထမဆုံး အရိယာသစ္စာ (မြတ်သော အမှန်တရား) က ဘာပါလဲ။**

ဖြေ ။ ။ ပထမဆုံး အရိယာသစ္စာက ဘဝဆိုတာ ဆင်းရဲချည်းပဲ ဆိုတဲ့ အမှန်တရားပါပဲ။ အသက်ရှင်နေသမျှ ဆင်းရဲနေတာပါပဲ။ ဆင်းရဲ တစ်စုံတရာကို မခံစားရပဲ အသက်ရှင် နေတယ်ဆိုတာ မဖြစ်နိုင်ပါဘူး။ ကျွန်ုပ်တို့ဟာ မကျန်းမာ ခြင်း၊ ထိခိုက် ဒဏ်ရာရခြင်း၊ အိုမင်း ရင့်ရော်ခြင်း၊ နောက်ဆုံးမှာ သေရခြင်းစတဲ့ ကိုယ်ဆင်းရဲ(ကာယိက ဒုက္ခ)တွေကို ခံစားကြရပါတယ်။ အထီးကျန်ဖြစ်ခြင်း၊ ဘာလုပ်ရမှန်း မသိအောင် စိတ်ဆင်းရဲနေခြင်း၊ ကြောက်ခြင်း၊ စိတ်မသက် မသာ ဖြစ်ခြင်း၊ စိတ်ပျက်ခြင်း၊ အမျက်ထွက်ခြင်း စတဲ့ စိတ်ဆင်းရဲ (စေတသိက ဒုက္ခ)တွေကိုလဲ ခံစားကြရ ပါတယ်။

**မေး ။ ။ ဒီလိုဆိုတော့ ဒါဟာ ဘဝကို အဆိုးချည်းပဲလို့ မြင်တဲ့ သဘော ( Pessimism) ဖြစ်မနေဘူးလား။**

ဖြေ ။ ။ အဘိဓာန်က အဆိုးမြင်ဝါဒ (Pessimism) ကို "ဖြစ်ပျက်မည့် အရာအားလုံးဟာ အဆိုးချည်းပဲလို့ စဉ်းစား တွေးခေါ်လေ့ရှိခြင်း"လို့ အဓိပ္ပါယ် ဖွင့်ပါတယ်။ ပြီးတော့ "အဆိုးဟာ အကောင်းထက်ပိုပြီး အင်အား ကြီးမားတယ်လို့ ယုံကြည်ခြင်း"လို့လဲ ဖွင့်ပါတယ်။

ဗုဒ္ဓဘာသာဟာ ဒီအယူအဆ နှစ်မျိုးလုံးကို လုံးဝ လက်မခံပါဘူး။ ချမ်းသာ သုခဆိုတာ ရှိတယ်ဆိုတဲ့ အချက်ကို ဗုဒ္ဓဘာသာက မငြင်းပါဘူး။ [ဗုဒ္ဓမြတ်စွာက အတ္ထိသုခ = ရှိချမ်းသာ၊ ဘောဂသုခ = စည်းစိမ်ခံစား ချမ်းသာ၊ အာဏဏျသုခ = ကြွေးကင်းချမ်းသာ၊ အနဝဇ္ဇသုခ = အပြစ်ကင်းချမ်းသာလို့ လောကမှာ ခံစားရတဲ့ ချမ်းသာလေးမျိုးကို ဟောပြခဲ့ပါတယ်။] ဗုဒ္ဓဘာသာက ဘဝဆိုတာ ကိုယ်ဆင်းရဲစိတ်ဆင်းရဲကို ခံစားနေရခြင်းပဲလို့သာ ထောက်ပြတာပါ။ ဒီအချက်ဟာ ငြင်းလို့မရအောင် မှန်ကန် ထင်ရှားတဲ့ အချက်ပါ။

များစွာသော ဘာသာတရားတွေရဲ့ လိုရင်း ပဓာန အယူအဆဟာ ပုံပြင်ဆန်နေတတ်ပါတယ်။ သမိုင်းပုံပြင် ဆန်နေတတ်ပါတယ်။ မှန်, မမှန် စစ်ဆေးဝေဖန်ကြည့်ဖို့ မဖြစ်နိုင်တဲ့ ယုံကြည်မှုရင်လဲ ဖြစ်နေတတ်ပါတယ်။

ဗုဒ္ဓဘာသာကတော့ ကိုယ်တွေ့ခံစား သိမြင်မှုနဲ့ စပါတယ်။ ဒီ ဒုက္ခကို ကိုယ်တွေ့ခံစား နေကြရတာဟာ ငြင်းလို့မရတဲ့ ဖြစ်ရပ် အမှန်ပါ။ သက်ရှိအားလုံး သိနေရ၊ ကိုယ်တွေ့ ခံစားနေရတဲ့ သဘာဝ အမှန်ပါ။ ခံစားနေရလို့ပဲ ဒီဆင်းရဲ ဒုက္ခကို ကျော်လွှား ပယ်ရှားနိုင်ဖို့ စွမ်းနိုင်သမျှ ကြိုးစားနေကြရတယ် ဆိုတာလဲဖြစ်ရပ် အမှန်ပါပဲ။

ဗုဒ္ဓဘာသာဟာ စကြဝဠာ တစ်ခုလုံး အကြောင်းကို အမှန်အတိုင်း ထုတ်ဖော်ပြတဲ့ တစ်ခုတည်းသော ဘာသာတရားပါ။ ဒီထုတ်ဖော်ချက်ဟာ လူသားတိုင်း စိုးရိမ်ကြောင့်ကြနေတဲ့ အချက်ရဲ့ ဗဟိုချက်မအထိ တိုက်ရိုက်ထိတွေ့ပါတယ်။ အဲဒီအချက်က ဘာလဲဆိုတော့ ဒုက္ခနှင့် ဒုက္ခမှ လွတ်မြောက်ရေးပါပဲ။

**မေး ။ ။ ဒုတိယ အရိယသစ္စာ (မြတ်သော အမှန်တရား) က ဘာပါလဲ။**

**ဖြေ ။ ။** ဒုတိယ သစ္စာကတော့ လိုချင်တပ်မက်မှု တဏှာကြောင့် ဆင်းရဲရတယ်။ ဒုက္ခရောက်ရတယ် ဆိုတဲ့ အချက်ပါပဲ။ ကျွန်ုပ်တို့ဟာ စိတ်ဆင်းရဲမှုကို ကြည့်ရင် လိုချင်တပ်မက်မှု (တဏှာ)ကြောင့် စိတ်ဆင်းရဲမှု ဘယ်လို ဖြစ်ပေါ်လာရတယ် ဆိုတာ လွယ်လွယ်နဲ့ သိနိုင်ပါတယ်။

ကျွန်ုပ်တို့ တစ်စုံတစ်ရာကို လိုချင်ပါလျက် မရဘူး ဆိုရင် ကျွန်ုပ်တို့ စိတ်မချမ်းမသာ ဖြစ်ရတယ်။ တစ်စုံတစ်ယောက်ဟာ ကျွန်ုပ်တို့ မျှော်လင့်သလို ဖြစ်မလာရင် ကျွန်ုပ်တို့ စိတ်ပျက်ကြရတယ်။ ကျွန်ုပ်တို့ကို လူတွေက သဘောမကျရင် ကျွန်ုပ်တို့ စိတ်ဆင်းရဲကြတယ်။ ကျွန်ုပ်တို့ လိုချင်တာကို ရတောင်မှ အမြဲတစေ စိတ်ချမ်းသာကြတာ

မဟုတ်ပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ ကျွန်ုပ်တို့ဟာ မကြာမီဘဲ ရထားတဲ့ အရာကို ငြီးငွေ့လာပြီး စိတ်မဝင်စား တော့ဘဲ တခြားတစ်ခုကို လိုချင်လာပြန်လို့ ပါပဲ။ ရှင်းရှင်း ပြောရရင် လိုချင်တာကို ရတာဟာ စိတ်ချမ်းသာမှုကို အာမ မခံနိုင်ပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ ဒုတိယသစ္စာရဲ့ သဘောက "လိုချင်ရင် ဆင်းရဲတယ်" ဆိုတဲ့ သဘာဝမို့ပါပဲ။ လိုချင်တဲ့အရာကို ရအောင် အမြဲမပြတ် ကြိုးပမ်း လုပ်ဆောင် နေခြင်းထက် လိုချင်နေတဲ့ စိတ်ကို ပြုပြင်ပေးခြင်းက ပိုကောင်းပါတယ်။ လိုချင်မှုက ကျွန်ုပ်တို့၏ ရောင့်ရဲ တင်းတိမ်မှုနဲ့ ချမ်းသာ ပျော်ရွှင်မှုကို ချေဖျက်ပစ်ပါတယ်။

**မေး ။ ။ လိုချင်တပ်မက်ခြင်း တဏှာက ကိုယ်ဆင်းရဲကို ဘယ်လို ဖြစ်ပေါ်စေပါသလဲ။**

**ဖြေ** ။ ။ တဘဝလုံး ဟိုဟာလိုချင်တပ်မက်၊ ဒီဟာ လိုချင်တပ်မက်၊ အထူးသဖြင့် ဘဝဆက်လက် ဖြစ်ပေါ်ရေးကို လိုချင် တပ်မက်ခြင်းက နောက်တစ်ဘဝကို ဖြစ်ပေါ်စေနိုင်တဲ့ ကြီးမားလှတဲ့ စွမ်းအားကို ဖြစ်ပေါ် စေတယ်။ တဘဝ ဖြစ်ပြန်တော့ ရုပ်ခန္ဓာတစ်ခု ရပြန်တယ်။ ရုပ်ခန္ဓာ ရပြန်တော့ ဒဏ်ရာ အနာတရ ရခြင်း၊ ရောဂါ ဝေဒနာ ဖိစီးနှိပ်စက်ခြင်း စတဲ့ ဆင်းရဲတွေ ဖြစ်ရပြန်တယ်။ အလုပ် ပင်ပန်းလို့ ဆင်းရဲရ၊ အိုရ၊ နာရ၊ နောက်ဆုံးမှာ

သေခြင်းဆင်းရဲနဲ့ မလွဲမသွေ တွေ့ရပြန်တယ်။ ဒီလိုနဲ့ လိုချင်တပ်မက်တဲ့ တဏှာက ဘဝသစ်ကို ဖြစ်ပေါ်စေတဲ့ အတွက် ကိုယ်ဆင်းရဲတွေ ဖြစ်ရပြန်တယ်။

**မေး ။ ။ အဲဒါ သိပ်ဟုတ်ပါတယ်။ သို့သော်လဲ ကျွန်ုပ်တို့ဟာ လိုချင်တပ်မက်တဲ့ တဏှာကို လုံးဝ ပယ်သတ် လိုက်ရင် ကျွန်ုပ်တို့ ဘာကိုမှ ဘယ်တော့မှ ရတော့မှာ မဟုတ်ပါဘူး။**

**ဖြေ** ။ ။ မှန်ပါတယ်။ သို့သော်လဲ မြတ်စွာဘုရားက ဒီလို မိန့်ကြားတော်မူပါတယ်။ ကျွန်ုပ်တို့ရဲ့ လိုချင်မှု၊ တပ်မက်မှု၊ ရတာနှင့် မတင်းတိမ် မရောင့်ရဲမှု၊ ပိုပိုပြီး လိုချင် တောင့်တမှုများက ကျွန်ုပ်တို့ကို ဆင်းရဲစေပါတယ်။ ဒါ့ကြောင့် အဲဒီ လိုချင်တောင့်တမှု တဏှာကို ရပ်ပစ်သင့်၊ ပယ်သတ်ပစ်သင့်တယ်လို့ မိန့်တော်မူပါတယ်။

မြတ်စွာဘုရားက ကျွန်ုပ်တို့ကို လိုအပ်တာနှင့် လိုချင်တာကို ခွဲခြားတတ်ဖို့၊ လိုအပ်တာကို ရအောင်ကြိုးစားဖို့ လိုချင်တာကို ပြုပြင်ဖို့ မိန့်ကြားတော်မူပါတယ်။ ကျွန်ုပ်တို့ရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ကြောင်း၊ လိုချင်တဲ့ လောဘကတော့ အောက်ခြေကို မမြင်နိုင်အောင်နက်လှတဲ့ တွင်းကြီး ဖြစ်ကြောင်းလဲ မိန့်တော်မူပါတယ်။ မရှိမဖြစ်တဲ့

အခြေခံကျတဲ့ လိုအပ်တာတွေ ရှိပါတယ်။ အဲဒါတွေကို ရအောင် ကြိုးစားပြီး အလုပ်လုပ်ရပါမယ်။ အဲဒီ တကယ် လိုအပ်တာထက် ပိုလွန်တဲ့ လောဘတွေကိုတော့ နည်းပါး သွားအောင် ကြိုးစားရပါမယ်။

ခြုံပြောရရင် ဘ၀ရဲ့ ရည်ရွယ်ချက်ဟာ ဘာလဲ၊ ရဖို့၊ ရတာနှင့် တင်းတိမ် ရောင့်ရဲဖို့၊ ပျော်ရွှင်စွာ နေထိုင်ဖို့ပဲ မဟုတ်လား။

**မေး ။ ။ အရှင်ဘုရားက တမလွန်ဘ၀အကြောင်း ပြောခဲ့ပါတယ်။ အဲဒီလို တမလွန်ဘ၀ ရှိကြောင်း သက်သေ အထောက်အထား ပြနိုင်ပါသလား။**

ဖြေ ။ ။ တမလွန်ဘ၀ရှိကြောင်း သက်သေ အထောက် အထားတွေ အများကြီးရှိပါတယ်။ သို့သော်လဲ ဒီအကြောင်းကို နောက်ကျမှ ပိုပြီးအသေးစိတ် ပြောကြ ရအောင်။

**မေး ။ ။ သစ္စာလေးပါးထဲက တတိယ အရိယသစ္စာ (မြတ်သောအမှန်တရား)က ဘာလဲ။**

ဖြေ ။ ။ တတိယ အမှန်တရားက ဆင်းရဲဒုက္ခကို လွန်မြောက်ပြီး ချမ်းသာသုခကို ရခြင်း (နိရောဓသစ္စာ)

ပါပဲ။ သစ္စာလေးပါးထဲမှာ ဒိတတိယသစ္စာဟာ အရေး အကြီးဆုံးပါပဲ။ ဘာ့ကြောင့်လဲဆိုတော့ မြတ်စွာဘုရားက ချမ်းသာစစ် ချမ်းသာမှန်နှင့် တင်းတိမ်ရောင့်ရဲမှုဟာ ရနိုင်တဲ့ အရာတွေ ဖြစ်ကြောင်း မိန့်ကြားတော်မူခဲ့လို့ပါပဲ။

ကျွန်ုပ်တို့ဟာ နေ့စဉ်နေ့တိုင်း အကျိုးမရှိတဲ့ လိုချင် တပ်မက်မှုတွေကို ပယ်ရှားပြီးတော့ မနေနိုင် မထိုင်နိုင်အောင် လိုချင်တောင့်တမှုတွေ မရှိပဲ ဘဝပေး အတွေ့အကြုံတွေကို ခံစားရင်း ဘဝမှာတွေ့ကြုံရတဲ့ ပြဿနာတွေကို ကြောက်ခြင်း၊ မုန်းခြင်း၊ အမျက်ထွက်ခြင်းမရှိဘဲ စိတ်ရှည်ရှည်နှင့် သည်းခံ နေထိုင်တတ်တဲ့အခါမှာ ကျွန်ုပ်တို့ လွတ်လပ် ပျော်ရွှင် ကြမှာပါပဲ။ အဲဒီအခါကျမှပဲ ကျွန်ုပ်တို့ ဘဝဟာ ပြည့်စုံလာ ကြမှာပါ။ အဲဒီအခါမှာ ကျွန်ုပ်တို့ရဲ့ တကိုယ်ကောင်းဆန်တဲ့ အလိုလောဘတွေကို ဖြည့်ဆည်း ပေးစရာ မလိုတော့တဲ့ အတွက် ကျွန်ုပ်တို့မှာ သူတစ်ပါးတွေကို ကူညီဖို့၊ သူတို့ လိုအပ်ချက်တွေကို ဖြည့်ပေးဖို့ အချိန်တွေ အများကြီး ရလာမှာ ဖြစ်ပါတယ်။ ဒီအခြေအနေကို နိဗ္ဗာန်လို့ ခေါ်ပါတယ်။ အဲဒီအခါမှာ ကျွန်ုပ်တို့ဟာ စိတ်ဒုက္ခ အားလုံးမှလဲ လွတ်မြောက် သွားကြမှာပါ။ ဒါကို အဆုံးစွန်သော နိဗ္ဗာန်လို့ ခေါ်ပါတယ်။*

---

* အဖြေရှင် ဘုန်းကြီးသည် နိဗ္ဗာန်၏ သဘောကို လူပြိန်း နားလည်နိုင်မည့် နည်းနှင့် သာမန် ဖြေကြားလိုက်ခြင်း ဖြစ်သည်ဟု

**မေး ။ ။ နိဗ္ဗာန်ဆိုတာ ဘာပါလဲ၊ ဘယ်မှာရှိပါသလဲ။**

ဖြေ ။ ။ နိဗ္ဗာန်ဆိုတာ အချိန်နှင့် နေရာဌာန ပြစရာမရှိတဲ့ သဘာဝ တစ်ခုပါပဲ။ [နိဗ္ဗာန်ဟာ အတိတ် အနာဂတ် ပစ္စုပ္ပန်ဆိုတဲ့ ကာလသုံးပါးမှ လွတ်နေတယ်။ ဘယ်နေရာမှာ ရှိတယ်လို့လဲ ပြောမဖြစ်တဲ့အတွက် တည်နေရာ ဌာနမှလဲ အလွတ်ဖြစ်တယ်။] ဒါကြောင့် နိဗ္ဗာန် အကြောင်းကို ပြောဖို့ မဆိုထားနှင့် စဉ်စားဖို့တောင်မှ ခက်ပါတယ်။ စကားလုံးတွေ စဉ်းစားတွေးခေါ်မှုတွေဟာ အချိန်နှင့် နေရာဌာန ညွှန်ပြလို့ရတဲ့ သဘာဝတွေ အတွက်သာ သင့်လျော်ပါတယ်။

နိဗ္ဗာန်ဟာ ကာလသုံးပါးမှ လွတ်နေပြီး ရွေ့ရှားမှု မရှိတဲ့အတွက် အိုမင်းရင့်ရော်ခြင်း၊ သေကြေပျက်စီးခြင်း မရှိဘူး။ ဒါကြောင့် နိဗ္ဗာန်ဟာ အစအဆုံးမရှိတဲ့ (အနာဒိ, အနန္တ) သဘာဝ ဖြစ်ပါတယ်။ မြတ်စွာဘုရားက "နိဗ္ဗာန်ဟာ အမြတ်ဆုံး ချမ်းသာပဲ" လို့ မိန့်ကြားတော် မူပါတယ်။

---

ယူဆရပါသည်။ မဂ္ဂင်ရှစ်ပါး မဂ္ဂသစ္စာတရားကို ကျင့်ကြံပွါးများ အားထုတ်မှ ရနိုင်သည့် သဉပါဒိသေသ နိဗ္ဗာန်နှင့် ရုပ်နာမ်ခပ်သိမ်း လုံးဝငြိမ်းသည့် အနုပါဒိသေသ နိဗ္ဗာန်တို့ကို မသိ၍ ယင်းသို့ ဖြေဆိုခြင်း မဟုတ်ဟု ယူဆရပါသည်။

**မေး ။ ။ ဒီလို သဘာဝတရား ရှိတယ်ဆိုတာ အထောက် အထား ပြနိုင်ပါသလား။**

ဖြေ ။ ။ မပြနိုင်ပါဘူး။ သို့သော်လဲ နိဗ္ဗာန် ရှိတယ်ဆိုတာ ကျွန်ုပ်တို့ ဆင်ခြင်တွေးဆယူလို့ ရပါတယ်။ ကျွန်ုပ်တို့ နေထိုင်ရာ ကမ္ဘာလောကကြီးဟာ အချိန်ကာလ နေရာဌာနတွေနဲ့ ပိုင်းခြားသတ်မှတ်လို့ ရတဲ့ သဘာဝကြီးပါ။ ဒီလို ပိုင်းခြားသတ်မှတ်လို့ရတဲ့ သဘာဝရှိရင် အချိန်ကာလ နေရာဌာနတွေမှ အလွတ်ဖြစ်တဲ့ ပိုင်းခြား သတ်မှတ်လို့ မရတဲ့ သဘာဝလဲ ရှိတယ်လို့ ဆင်ခြင်တွေးဆ ယူနိုင် ပါတယ်။ အဲဒါကတော့ နိဗ္ဗာန်ပါပဲ။ နောက်တစ်ခုက တကယ်လို့ နိဗ္ဗာန်ရှိကြောင်း ကျွန်ုပ်တို့ သက်သေ အထောက်အထား မပြနိုင်တောင်မှဘဲ နိဗ္ဗာန်ရှိကြောင်း ဗုဒ္ဓမြတ်စွာ ဟောထားခဲ့တာ ရှိပါတယ်။

"မဖြစ်သော၊ မဖြစ်ပေါ်သော၊ ပြုလုပ်မထားအပ် သော၊ အကြောင်းတို့ စုပေါင်း မပြုလုပ်အပ်သော သဘောသည် ရှိ၏။ အကယ်၍သာ မဖြစ်သော၊ မဖြစ်ပေါ်သော၊ ပြုလုပ်မထားအပ်သော၊ အကြောင်းတို့ စုပေါင်းမပြုလုပ်အပ်သောသဘော မရှိခဲ့လျှင် ဖြစ်သော၊ ဖြစ်ပေါ်သော၊ ပြုလုပ်ထားအပ်သော၊ အကြောင်းတို့ စုပေါင်း ပြုလုပ်အပ်သော သဘာဝမှ လွတ်မြောက်ရာ မရှိနိုင်ပေ။

"မဖြစ်သော၊ မဖြစ်ပေါ်သော၊ ပြုလုပ်မထားအပ်သော၊ အကြောင်းတို့ စုပေါင်းမပြုလုပ်အပ်သော သဘောရှိသောကြောင့်သာ ဖြစ်သော၊ ဖြစ်ပေါ်သော၊ ပြုလုပ်ထားအပ်သော၊ အကြောင်းတရားတို့ စုပေါင်းပြုလုပ်ထားသော သဘောမှ လွတ်မြောက်သော သဘာဝရှိကြောင်း သိရပေသည်။ " (ဥဒါန)

ကျွန်ုပ်တို့ကိုယ်တိုင် မျက်မှောက်ပြုရသောအခါ နိဗ္ဗာန်ကို ကျွန်ုပ်တို့ သိရပါလိမ့်မယ်။ အဲဒီအချိန်အထိ ကျွန်ုပ်တို့ ကြိုးစားကြရလိမ့်မယ်။

## ၃။ ဗုဒ္ဓဘာသာနှင့် ထာဝရဘုရား အယူအဆ

မေး ။ ။ ဗုဒ္ဓဘာသာဝင်များဟာ ထာဝရဘုရားကို ယုံကြည်ကြပါသလား။

ဖြေ ။ ။ မယုံကြည်ပါဘူး။ ဒါအတွက် အကြောင်းများစွာ ရှိပါတယ်။ မြတ်စွာဘုရားဟာ ယခုခေတ် လူမှုရေး ပညာရှင်များ၊ စိတ်ပညာရှင်များလိုပဲ ဘာသာရေး အယူအဆများဟာ အထူးသဖြင့် တန်ခိုးရှင်ဘုရား အယူအဆများဟာ အကြောက်တရားမှာ အခြေခံတယ်လို့ ယူဆပါတယ်။ မြတ်စွာဘုရားက –

> "လူများဟာ အကြောက်တရား နှိပ်စက်ခြင်းကြောင့် တောင်များ၊ တောများ၊ သစ်ပင်များနှင့် နတ်ကွန်းများသို့ ကိုးကွယ်ရာအဖြစ် သွားကြတယ်" လို့ မိန့်ကြား ထားပါတယ်။

သမိုင်းမတင်မီ လူသားဟာ ဘေးရန်များလှပြီး ရန်လိုတဲ့ လောကထဲမှာ နေရပါတယ်။ သူဟာ တောရိုင်း

တိရစ္ဆာန်များ၊ အစားအစာ လုံလောက်အောင် မရနိုင်မှုများ၊ ဒဏ်ရာအနာတရ ဖြစ်ခြင်းနှင့် ရောဂါဝေဒနာ ဖိစီးနှိပ်စက်ခြင်းများ၊ မိုးခြိမ်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း စတဲ့ အန္တရာယ်များကို အမြဲတစေ ကြောက်ရွံ့နေရပါတယ်။

လူဟာ ဘေးရန်အန္တရာယ်များမှ လုံခြုံမှု မရှိတဲ့အတွက် သင့်လျော်လျောက်ပတ်တဲ့ အချိန်များမှာ သက်တောင့်သက်သာ နေနိုင်အောင်၊ ဘေးရန် အန္တရာယ်တွေ့ကြုံလာတဲ့အခါများမှာ ရဲစွမ်းသတ္တိ မွေးနိုင်အောင်၊ အမှားအယွင်း ရှိတဲ့အခါမှာ ကိုယ့်ကို ဖြေသိမ့်နိုင်အောင် တန်ခိုးရှင်ဘုရား အယူအဆကို တီထွင်လာပါတယ်။

ဒီခေတ်ဒီအခါမယ် အကြပ်အတည်းနှင့် တွေ့တဲ့အခါများမှာ လူတွေဟာ ဘာသာတရားကို ပိုကိုင်းရှိုင်းလာကြတာကို သင်သတိပြုမိမှာပါပဲ။ တန်ခိုးရှင် ဘုရားကိုဖြစ်စေ၊ နတ်များကို ဖြစ်စေ ယုံကြည်မှုဟာ ဘဝတိုက်ပွဲမှာ သူတို့လိုအပ်တဲ့ စွမ်းအားကို ရရှိစေတယ်လို့ လူတွေပြောကြတာ သင်ကြားမိပါလိမ့်မယ်။ သူတို့လိုအပ်တဲ့အချိန်မှာ ဆုတောင်းလိုက်ရင် ဆုတောင်းပြည့်တဲ့အတွက် တစ်စုံတစ်ယောက်သော နတ်ကို သူတို့ ယုံကြည်ကိုးကွယ်ကြောင်း လူတွေ ရှင်းပြတာ သင်ကြားမိပါလိမ့်မယ်။

ဒါတွေအားလုံးက "တန်ခိုးရှင်ဘုရား အယူအဆဟာ အကြောက်တရားနှင့် ဆင်းရဲဒုက္ခအပေါ် တုံ့ပြန်ချက်ပဲ" ဆိုတဲ့ မြတ်စွာဘုရားရဲ့ တရားတော်ကို ထောက်ခံထား ပါတယ်။

မြတ်စွာဘုရားက ကျွန်ုပ်တို့အား အကြောက်တရားကို နားလည်အောင်၊ လိုချင်တပ်မက်မှု တဏှာလောဘ နည်းပါးအောင်၊ ကျွန်ုပ်တို့ မတတ်နိုင်တဲ့ အရာများကို ခေါင်းအေးအေး သတ္တိရှိရှိနှင့် ရင်ဆိုင်နိုင်အောင် ကြိုးစားဖို့ မိန့်ကြားပါတယ်။ မြတ်စွာဘုရားဟာ အကြောက်တရားကို အဓိပ္ပါယ်မရှိတဲ့ ယုံကြည်မှုနဲ့ အစားမထိုးပါဘူး။ ကြောင်းကျိုး ညီညွတ်တဲ့ အသိပညာနှင့်သာ အစားထိုး ပါတယ်။

ဗုဒ္ဓဘာသာဝင်များ ထာဝရဘုရားကို မယုံကြည်ခြင်းရဲ့ ဒုတိယအကြောင်းကတော့ ထာဝရဘုရား အယူအဆကို ထောက်ခံတဲ့ သက်သေအထောက်အထား ရှိပုံမရလို့ပါပဲ။ မြောက်မြားလှစွာသော ဘာသာတရား များက သူတို့ရဲ့ ဘာသာရေး ကျမ်းဂန်ထဲမှာသာ ထာဝရဘုရားရဲ့ စကားတွေ ပါဝင်ကြောင်း၊ သူတို့သာလျှင် ထာဝရဘုရားရဲ့ သဘာဝကို နားလည်ကြောင်း၊ သူတို့ရဲ့ ထာဝရ ဘုရားသာလျှင် အမှန်တကယ် ရှိကြောင်း၊ တခြား ဘာသာတရားများရဲ့ ထာဝရဘုရားက အမှန်တကယ် မရှိကြောင်း ကြေငြာတတ်ကြ ပါတယ်။ တချို့ဘာသာတရားက တန်ခိုးရှင်ဘုရားဟာ

ယောက်ျား၊ တချို့ ဘာသာတရားက မိန်းမ၊ တချို့ ဘာသာတရားက နပုံပဏ္ဍုက်လို့ ဆိုကြပါတယ်။ သူတို့ဟာ သူတို့ရဲ့ တန်ခိုးရှင်ဘုရား အမှန်ရှိကြောင်း သက်သေအထောက်အထား များစွာရှိတယ်ဆိုပြီး ကျေနပ်နေကြပါတယ်။ သို့သော်လဲ တခြား ဘာသာတရားတွေက သူတို့ရဲ့ တန်ခိုးရှင်ဘုရား အမှန်ရှိကြောင်း အထောက်အထား ပြထားတာကိုတော့ မယုံကြည်ပဲ ပြက်ရယ်ပြု တတ်ကြပါတယ်။ များစွာသော ဘာသာတရားများဟာ တန်ခိုးရှင်ဘုရား ရှိကြောင်း ရာစုနှစ်ပေါင်းများစွာ အထောက်အထား ပြဖို့ ကြိုးစားခဲ့ကြသော်လဲ ယခုအထိ အခြေခံကျကျ ခိုင်မာစစ်မှန်တဲ့ ငြင်းမရတဲ့ အထောက်အထားကို မတွေ့ကြသေးတာကတော့ အံ့အားသင့်စရာ ကောင်းလှပါတယ်။ ဗုဒ္ဓဘာသာဝင်များကတော့ ဒီလို အထောက်အထား တစ်စုံတစ်ရာ ထွက်ပေါ်လာသည်အထိ ဆုံးဖြတ်ချက်ကို ဆိုင်းငံ့ထားကြဦးမှာပါပဲ။

ဗုဒ္ဓဘာသာဝင်များ ထာဝရဘုရားကို မယုံကြည်ခြင်းရဲ့ တတိယ အကြောင်းကတော့ ယုံကြည်ဖို့ မလိုအပ်လို့ပါပဲ။ တချို့က စကြဝဠာရဲ့အစကို ရှင်းပြဖို့ ထာဝရ ဘုရားကို ယုံကြည်ဖို့ လိုအပ်တယ်လို့ ဆိုကြပါတယ်။ ဒါ ဒီလို မဟုတ်ပါဘူး။ သိပ္ပံပညာက ထာဝရဘုရား အယူအဆ မပါဘဲ စကြဝဠာ ဖြစ်ပေါ်လာပုံကို အလွန် တိကျပြတ်သားစွာ ရှင်းလင်း ပြထားပြီး ဖြစ်ပါတယ်။

တချို့က ချမ်းသာပျော်ရွှင်၍ အဓိပ္ပါယ်ရှိတဲ့ ဘဝကို ရရေးအတွက် ထာဝရဘုရား ယုံကြည်ဖို့ လိုအပ်ကြောင်း ပြောကြပါတယ်။ ဒါလဲ မဟုတ်ပါဘူး။ ဗုဒ္ဓဘာသာဝင်တွေကို မဆိုထားနှင့်ဦး ဘာသာမဲ့များသည်ပင် ချမ်းသာပျော်ရွှင်ပြီး အဓိပ္ပါယ် ပြည့်ဝတဲ့ ဘဝကို ရနေကြပါတယ်။

တချို့က အားနည်းတဲ့ လူသားမှာ သူ့ကိုယ်ကို ကူညီနိုင်လောက်အောင် အင်အား မရှိတဲ့အတွက် ထာဝရဘုရားရဲ့ တန်ခိုးကို ယုံကြည်ဖို့ လိုအပ်ကြောင်း ဆိုကြပြန်ပါတယ်။ ဒီအချက်မှာလဲ အထောက် အထားများက ဆန့်ကျင်ဘက် သဘောကို ညွှန်ပြနေပါတယ်။ လူတွေဟာ ကိုယ်လက်အင်္ဂါ ချို့တဲ့ခြင်း၊ မစွမ်းမသန်ဖြစ်ခြင်းနှင့် အခက်အခဲ အကြပ်အတည်းပေါင်း များစွာကို ထာဝရဘုရား ယုံကြည်မှု မပါဘဲ သူတို့ရဲ့ကိုယ်ပိုင်ဉာဏ်၊ သူတို့ရဲ့ လုံ့ လ ဝီရိယနဲ့ ကျော်လွှား အောင်မြင်နိုင်ကြကြောင်း မကြာခဏ ကြားသိနေရပါတယ်။ လူသားကို ကယ်တင်ဖို့ရာ ထာဝရဘုရားကို ယုံကြည်ဖို့ လိုအပ်ကြောင်း တချို့က ပြောကြပြန်ပါတယ်။ ခရစ်ယာန်တို့ရဲ့ကယ်တင်ခြင်း သဘောတရားကို ယုံကြည် လက်ခံမှသာ အဲဒီအဆိုကို လက်ခံနိုင်ကြမှာပါ။ ဗုဒ္ဓဘာသာဝင် တွေကတော့ အဲဒါကို မယုံကြည်ကြပါဘူး။

မြတ်စွာဘုရားက လူသားတိုင်းမှာ စိတ်ထား ဖြူစင်အောင် လုပ်ဖို့၊ မေတ္တာ ကရုဏာ ပညာတရားတွေ

တိုးပွါးအောင်လုပ်ဖို့ စွမ်းရည်သတ္တိတွေ အပြည့်ရှိကြောင်း ရှင်တော်မြတ်ဘုရား၏ အတွေ့အကြုံအရ သိမြင်ပြီး ဖြစ်ပါတယ်။ မြတ်စွာဘုရားဟာ နတ်ဗြဟ္မာ စည်းစိမ်ချမ်းသာများမှ မေတ္တာ ကရုဏာ တရားဘက်ကို အာရုံပြောင်းကာ ကျွန်ုပ်တို့ ပြဿနာများကို မိမိကိုယ်ကို သိနားလည်မှုဖြင့် အဖြေရှာဖို့ အားပေးတော်မူပါတယ်။

**မေး ။ ။ ဖန်ဆင်းရှင် တန်ခိုးရှင်ဘုရားတွေ မရှိဘူးဆိုရင် ဒီစကြဝဠာကြီးက ဒီမှာ ဘယ်လို ရောက်လာသလဲ။**

ဖြေ ။ ။ ဒီအဖြေကိုဖြေဖို့ရာ အားလုံးသော ဘာသာ တရားတွေမှာ ပုံပြင်တွေ ဝတ္ထုတွေ ရှိကြပါတယ်။ လူသားရဲ့ အသိဉာဏ် မဖွံ့ဖြိုးသေးတဲ့ ဟိုရှေးသရောအခါ ကာလတွေမှာတော့ ဒီပုံပြင် ဝတ္ထုတွေဟာ သင့်လျော်လျောက်ပတ် ပါတယ်။ သို့သော်လဲ ရူပဗေဒပညာ၊ နက္ခတ္တဗေဒပညာ၊ ဘူမိဗေဒပညာတွေ ထွန်းကားနေတဲ့ နှစ်ဆယ်ရာစု ခေတ်မှာ တော့ ဒီလိုပုံပြင်တွေကို သိပ္ပံနည်းကျ ဖြစ်ရပ်မှန်တွေက အသာရနေပါတယ်။ သိပ္ပံပညာက တန်ခိုးရှင်ဘုရား အယူအဆကို ထည့်မစဉ်းစားဘဲနဲ့ စကြဝဠာရဲ့အစကို ရှင်းပြ ထားပါတယ်။

**မေး ။ ။ စကြဝဠာရဲ့ အစနဲ့ ပတ်သက်လို့ ဗုဒ္ဓက ဘယ်လို မိန့်ခဲ့ပါသလဲ။**

ဖြေ ။ ။ စကြဝဠာရဲ့ အစကို ဗုဒ္ဓမြတ်စွာ ရှင်းပြပုံဟာ သိပ္ပံပညာ အမြင်နဲ့ အတော်ကြီး နီးစပ်အောင် ကိုက်ညီနေတာဟာဖြင့် အံ့အားသင့်စရာပါပဲ။ အဂ္ဂညသုတ်မှာ ဗုဒ္ဓမြတ်စွာက ကမ္ဘာကြီး ပျက်သွားပြီးတော့ မရေမတွက်နိုင်တဲ့ နှစ်သန်းပေါင်းများစွာပတ်လုံး တဖြည်းဖြည်း ပြန်လည်တိုးတက် ဖြစ်ပေါ်လာလို့ ယခု လက်ရှိ အခြေအနေအထိ ရောက်လာပုံကို ဟောထားခဲ့ပါတယ်။ ပထမဆုံး အသက်ဟာ ရေမျက်နှာပြင်ပေါ်မှာ ဖွဲ့စည်း ဖြစ်ပေါ်ခဲ့ပါတယ်။ ပြီးတော့ နှစ်သန်းပေါင်း အသင်္ချေပတ်လုံး တဖြည်းဖြည်း တိုးတက် ဖြစ်ပေါ်လာရာက ရှုပ်ထွေးလှတဲ့ သက်ရှိ အဖွဲ့အစည်းများအဖြစ် ရောက်လာခဲ့ပါတယ်။ ဒီဖြစ်စဉ် အားလုံးဟာ အစလဲမရှိ၊ အဆုံးလဲ မရှိပါဘူး။ သဘာဝတရားအရ လည်ပတ် ဖြစ်ပျက်နေတာပါပဲ။

မေး ။ ။ ထာဝရဘုရားရှိကြောင်း သက်သေ အထောက် အထား မရှိဘူးလို့ သင်ကဆိုပါတယ်။ ဒါဖြင့် အံ့ဩဖွယ်ရာ တန်ခိုးတွေနဲ့ ပတ်သက်လို့ သင်ဘယ်လို ပြောမလဲ။

ဖြေ ။ ။ အံ့ဩဖွယ်ရာ တန်ခိုးတွေဟာ ထာဝရဘုရားရှိကြောင်း သက်သေ အထောက်အထား တွေပဲလို့ လူအများ ယုံကြည်ကြတာ ရှိပါတယ်။ တန်ခိုးနှင့် ဆေးကုလို့ ပျောက်ကြောင်း အခြေအမြစ် မရှိဘဲ ချဲ့ကား ပြောနေကြသော်လဲ ဘယ်ဆရာဝန် ဘယ်ခွဲစိတ် ဆရာဝန် ဆီကမှ လွတ်လွတ်ကျွတ်ကျွတ် သက်သေခံချက် မရကြ ပါဘူး။ တစ်စုံတစ်ယောက်ကို ကြီးမားလှတဲ့ ဘေးဒုက္ခထဲမှ တန်ခိုးနှင့် အံ့ဩဖွယ်ရာ ကယ်တင်လိုက်တယ် လို့ တဆင့်စကား ကြားသိရသော်လဲ အဲဒီလို ကယ်တင်ခဲ့ကြောင်း မျက်မြင်သက်သေ မရှိခဲ့ပါဘူး။ ထာဝရဘုရားထံ ဆုတောင်း လို့ ရောဂါဖိစီးနေတဲ့လူ ရောဂါ ပျောက်ကင်းသွားကြောင်းနှင့် ညှိုးနွမ်း ခြောက်ကပ်နေတဲ့ ကိုယ်လက်အင်္ဂါ စိုပြည် သန့်စွမ်းလာကြောင်း ကောလာဟလစကား ကြားရသော်လဲ ဘယ်တော့မှ အဲဒါတွေကို ရိုက်ထားတဲ့ ဓာတ်မှန်ကိုလဲ မကြည့်ရပါဘူး။ ဘယ်ဆရာဝန် ဘယ်ဆရာမရဲ့ ထောက်ခံ ပြောဆိုချက် ကိုမှလဲ မကြားရပါဘူး။ အခြေအမြစ်မဲ့ ချဲ့ကား ပြောနေကြတဲ့စကား၊ တဆင့်စကား၊ ကောလာဟလ

စကားတွေဟာ သက်သေအထောက်အထားကို ကိုယ်စား မပြုပါဘူး။ အံ့ဘွယ် တန်ခိုးတွေအတွက် ခိုင်မာတဲ့ သက်သေ အထောက်အထား အင်မတန် ရှားပါတယ်။

သို့သော်လဲ တခါတရံမှာ ရှင်းပြလို့ မရတဲ့အရာတွေ၊ မမျှော်လင့်နိုင်တဲ့ အဖြစ်အပျက်တွေ ဖြစ်ပျက်တတ်ပါတယ်။ ဒီလို အဖြစ်အပျက်တွေကို ရှင်းမပြနိုင်တာဟာ ထာဝရဘုရား ရှိခြင်းအတွက် သက်သေခံချက် မဟုတ်ပါဘူး။ ကျွန်ုပ်တို့ရဲ့ ဉာဏ်ပညာ မပြည့်စုံသေးဘူးဆိုတဲ့ အချက်ကို ထင်ရှား စေခြင်းသာ ဖြစ်ပါတယ်။

ခေတ်မီ ဆေးပညာ မတိုးတက်သေးမီက လူတွေဟာ ရောဂါဝေဒနာ ဖြစ်ခြင်းရဲ့ အကြောင်းရင်းကို မသိကြတဲ့ အခါမှာ ထာဝရဘုရားက၊ သို့မဟုတ် နတ်ဘုရားများက ဒါဏ်ခတ်တဲ့ အနေနဲ့ ဒီရောဂါဝေဒနာတွေကို လူတွေဆီ ပို့ပေးလိုက်တယ်လို့ ယုံကြည်ကြပါတယ်။ ဒီရောဂါ ဝေဒနာတွေ ဘာကြောင့် ဖြစ်လာတယ်ဆိုတာ အခု သိလာကြတော့ မကျန်းမာတဲ့ အခါမှာ ဆေးစားလိုက်ကြတာ ပါပဲ။ ကမ္ဘာလောက အကြောင်းကို ကျွန်ုပ်တို့ ပိုပြီး ပြည့်ပြည့်စုံစုံ သိနားလည်လာတဲ့အချိန်မှာ ဘာကြောင့် ရောဂါဝေဒနာ ဖြစ်တယ်ဆိုတာ နားလည်သလိုပဲ ဒီရှင်းပြလို့ မရတဲ့ အရာတွေ ဘာကြောင့် ဖြစ်တယ်ဆိုတာ နားလည် လာကြမှာပါပဲ။

**မေး ။ ။ မြောက်များစွာသော လူတွေဟာ ထာဝရဘုရားကို ယုံကြည်ကြပါတယ်။ (အများ ယုံကြည်တာကို ထောက်ဆရင်) ဒါဟာ မမှန်ပေဘူးလား။**

ဖြေ ။ ။ ဒီလိုမဟုတ်ပါဘူး။ တစ်ချိန်တုံးက ကမ္ဘာကြီးဟာ ပြားတယ်လို့ လူတိုင်း ယုံကြည်ကြပါတယ်။ သို့သော်လဲ အဲဒီလူတွေအားလုံး မှားခဲ့ပါတယ်။ အယူအဆ တစ်ခုကို ယုံကြည်တဲ့လူ အရေအတွက်နဲ့ အဲဒီ အယူအဆရဲ့ အမှား အမှန်ကို တိုင်းတာလို့ မရပါဘူး။ အယူအဆတစ်ခု မှန်တယ်မှားတယ် ဆိုတာကို ကျွန်ုပ်တို့ ပြောနိုင်တဲ့ တစ်ခုတည်းသော နည်းလမ်းကတော့ အချက်အလက် မှန်တွေကို သေချာ စေ့ငု ကြည့်ရှု လေ့လာခြင်းနှင့် သက်သေ အထောက်အထား တွေကို စစ်ဆေးခြင်းသာလျင် ဖြစ်ပါတယ်။

**မေး ။ ။ ဒါဖြင့် ဗုဒ္ဓဘာသာတွေဟာ တန်ခိုးရှင် ဘုရားတွေ (Gods) ကို မယုံကြည်ကြရင် ဘာကို ယုံကြည်ကြသလဲ။**

ဖြေ ။ ။ ကျွန်ုပ်တို့ တန်ခိုးရှင်ဘုရားကို မယုံကြည် ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်ုပ်တို့က လူသားကိုသာ ယုံကြည်လို့ပါပဲ။ လူသားတိုင်းဟာ အဖိုးတန်တယ်၊

အရေးပါတယ်လို့ ကျွန်ုပ်တို့ ယုံကြည်ကြပါတယ်။ လူသား အားလုံးမှာ ပြီးပြည့်စုံသော လူသားတစ်ဦး ဖြစ်တဲ့ ဗုဒ္ဓဘုရား အဖြစ်သို့ ရောက်စေနိုင်တဲ့၊ တိမ်မြုပ်ငုပ်ကွယ်နေတဲ့ စွမ်းရည် သတ္တိတွေ ရှိတယ်လို့ ကျွန်ုပ်တို့ ယုံကြည်ကြ ပါတယ်။ လူသားများဟာ မသိမှု အဝိဇ္ဇာနှင့် ကြောင်းကျိုးမဲ့ သဘာဝ တွေကို ဖယ်ရှားပြီးတော့ အရာတိုင်းကို အရှိအတိုင်း သိမြင်နိုင်တယ်လို့ ကျွန်ုပ်တို့ ယုံကြည်ကြပါတယ်။ မုန်းတီးခြင်း၊ အမျက်ထွက်ခြင်း၊ ရန်ငြိုးထားခြင်း၊ မနာလိုခြင်း များကို မေတ္တာထားခြင်း၊ သည်းခံခြင်း၊ စိတ်သဘောထား ကြီးခြင်း၊ သနားကြင်နာခြင်းများနှင့် အစားထိုးနိုင်တယ်လို့ ကျွန်ုပ်တို့ ယုံကြည်ကြပါတယ်။ ဗုဒ္ဓဘာသာဝင်များရဲ့ လမ်းညွှန်မှု၊ ထောက်ပံ့မှုနဲ့ မြတ်စွာဘုရားရဲ့ စံနမူနာများကို ကြည့်ပြီး စိတ်ဓာတ် တက်တက်ကြွကြွနဲ့ ကြိုးစားကြရင် အခု ပြောခဲ့တဲ့ အရာတွေဟာ လက်လှမ်း မှီနိုင်တဲ့ အရာတွေချည်းပဲလို့ ကျွန်ုပ်တို့ ယုံကြည်ကြပါတယ်။ မြတ်စွာဘုရား မိန့်ကြားခဲ့တာကတော့ –

"မိမိသည်သာလျှင် မိမိရဲ့ အားကိုးအားထားရာပဲ၊ သူတစ်ပါးဟာ မိမိရဲ့ အားကိုးရာ မဟုတ်ဘူး။"

(ဓမ္မပဒ၊ ၁၆၅)

## ၄။ ငါးပါးသီလ

**မေး ။ ။ တခြား ဘာသာတရားများမှာ အမှားအမှန် အယူအဆကို သူတို့ ထာဝရဘုရား၊ နတ်ဘုရားများရဲ့ ပညတ်တော်တွေထဲမှ ရကြပါတယ်။ သင်တို့ ဗုဒ္ဓဘာသာတွေက ထာဝရဘုရားကို မယုံကြည်ကြတော့ ဘယ်လိုလုပ်ပြီး အမှားအမှန်ကို သိကြပါသလဲ။**

ဖြေ ။ ။ လောဘ၊ ဒေါသ၊ မောဟတရားများမှာ အခြေခံပြီး ကျွန်ုပ်တို့ကို နိဗ္ဗာန်မှ ဝေးစေတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံများဟာ မကောင်းမှုတွေ ဖြစ်ပါတယ် (အမှားတွေပါ)။ ပေးကမ်း လှူဒါန်းခြင်း၊ မေတ္တာထားခြင်းနှင့် အသိပညာတို့အပေါ်မှာ အခြေခံပြီးကျွန်ုပ်တို့ရဲ့ နိဗ္ဗာန်သွားရာ လမ်းကြောင်းကို ရှင်းလင်းပေးတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံများသာလျှင် ကောင်းမှုတွေ ဖြစ်ပါတယ်။ (အမှန်တွေပါ)။

ထာဝရဘုရားကို ဗဟိုထားတဲ့ ဘာသာတရားများမှာ အမှားအမှန်သိဖို့ လိုအပ်တာ အားလုံးကတော့ ထာဝရဘုရား ပြောတဲ့အတိုင်း လုပ်ဖို့ ကြိုးစားခြင်းပါပဲ။ လူသားကို ဗဟိုထားတဲ့ ဗုဒ္ဓဘာသာလို ဘာသာတရားများမှာ အမှား အမှန် သိဖို့ကတော့ မိမိကိုယ်ကို နက်နက်နဲနဲသိရှိမှု၊ နားလည် သဘောပေါက်မှု တိုးတက်ဖြစ်ပေါ်အောင် လုပ်ရ ပါတယ်။ နားလည်မှုပေါ်မှာ အခြေခံတဲ့ လိုက်နာ ကျင့်ကြံမှုဟာ ပညတ်ချက် တစ်ခုပေါ်မှာ အခြေခံတဲ့ နာခံမှုထက် ပိုပြီး အင်အားကောင်းပါတယ်။

ဒါကြောင့် အမှားအမှန်ကို သိဖို့ရာ ဗုဒ္ဓဘာသာ တစ်ယောက်ဟာ အရာသုံးခုကို ကြည့်ပါတယ်။ အဲဒါတွေ ကတော့ (၁) ရည်ရွယ်ချက်၊ (၂) အလုပ်ကြောင့် မိမိအပေါ်မှာ အကျိုး သက်ရောက်မှုနှင့် (၃) သူတစ်ပါးအပေါ်မှာ အကျိုး သက်ရောက်မှုများပါပဲ။ ဒါန, မေတ္တာ, ပညာတို့အပေါ်မှာ အခြေခံလို့ ရည်ရွယ်ချက်က ကောင်းရင်၊ ပြီးတော့ မိမိကိုယ်ကိုလဲ (ပိုပေးကမ်း လှူဒါန်းအောင်၊ ပိုမေတ္တာ ထားအောင်၊ ပိုအသိပညာပွါးအောင်) ကူညီရင်၊ ပြီးတော့ သူတစ်ပါးကိုလဲ (ပိုပေးကမ်း လှူဒါန်းအောင်၊ ပိုမေတ္တာထားအောင်၊ ပိုအသိပညာပွါးအောင်) ကူညီရင် အဲဒီ အလုပ်တွေဟာ ကောင်းမှုကုသိုလ်တွေ၊ ကောင်းတဲ့ ကိုယ်ကျင့် တရားတွေပါပဲ။

တကယ်တော့ ဒီအချက်ဟာ အမျိုးမျိုး အစားစား ထွေပြားလှပါတယ်။ တစ်ခါတရံမှာ ကိုယ်က အကောင်းဆုံး ရည်ရွယ်ချက်နဲ့ လုပ်လိုက်ပေတဲ့လဲ ကိုယ့်အတွက်ဖြစ်စေ၊ သူတစ်ပါးအတွက်ဖြစ်စေ ကောင်းကျိုးဖြစ်ချင်မှ ဖြစ်ပါတယ်။ တခါတရံမှာ ကိုယ့် ရည်ရွယ်ချက်က မကောင်းပေတဲ့လဲ ကိုယ့်အလုပ်က သူတစ်ပါးကို ကောင်းကျိုး ရစေတတ်ပါတယ်။ တခါတရံမှာ ရည်ရွယ်ချက် ကောင်းကောင်းနဲ့ လုပ်တဲ့ အလုပ်က ကိုယ့်ကို အကျိုးရစေပေတဲ့ သူတစ်ပါးကို ထိခိုက်ကောင်း ထိခိုက်တတ်ပါတယ်။ ဒီလိုကိစ္စမျိုးတွေမှာ အကောင်းနှင့် အတော်အသင့်ကောင်းတာ ရောနေပါတယ်။

ရည်ရွယ်ချက်က မကောင်းတဲ့အတွက် အလုပ်ကလဲ ကိုယ့်ကိုရော သူတစ်ပါးကိုပါ အကျိုးမရစေဘူးဆိုရင် ဒီလို အလုပ်မျိုးဟာ မကောင်းပါဘူး။ ရည်ရွယ်ချက် ကောင်းလို့ အလုပ်ကလဲ ကိုယ့်ကိုရော သူတစ်ပါးကိုပါ ကောင်းကျိုး ရစေတယ်ဆိုရင် ဒီလို အလုပ်မျိုးဟာ အပြည့်အဝ ကောင်းတဲ့ အလုပ်ပါ။

**မေး ။ ။ ဒါဖြင့် ဗုဒ္ဓဘာသာမှာ ကိုယ်ကျင့်တရားနှင့် ပတ်သက်တဲ့ ကျင့်ဝတ်တွေ ရှိပါသလား။**

ဖြေ ။ ။ ရှိပါတယ်၊ ငါးပါးသီလဟာ ဗုဒ္ဓဘာသာ ကိုယ်ကျင့်တရားရဲ့ အခြေခံ ကျင့်ဝတ်ပါပဲ။ ပထမ သိက္ခာပုဒ်က သတ္တဝါကို ထိခိုက် နာကျင်စေခြင်း သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်း ဖြစ်ပါတယ်။ ဒုတိယက ခိုးမှုမှ ရှောင်ကြဉ်ခြင်း၊ တတိယက ကာမဂုဏ် ကိစ္စတွေမှာ ဖေါက်ပြန် မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ စတုတ္ထက လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ပဉ္စမက မူးယစ်စေတတ်တဲ့ အရက်သေစာနှင့် မူးယစ်ဆေးဝါး မှန်သမျှ ရှောင်ကြဉ်ခြင်းများပါပဲ။

**မေး ။ ။ ဒါပေတဲ့ တခါတရံမှာ သတ်ဖြတ်တာဟာ ကောင်းတာ သေချာပါတယ်။ ဥပမာ – ရောဂါ ပျံ့နှံ့စေတဲ့ ပိုးကိုသတ်တာ သင့်ကို သတ်မည့်လူကို သတ်တာမျိုးပေါ့။**

ဖြေ ။ ။ သင့်အတွက်တော့ ကောင်းမှာပေါ့။ အဲဟို အသတ်ခံရတဲ့ ပိုးမွှား၊ အသတ်ခံရတဲ့လူမှာ ဘယ်လို နေမလဲ။ သင် အသက်ရှင်နေချင်သလို သူတို့လဲအသက်ရှင် နေချင်တာပေါ့။ သင် ရောဂါဖြန့်ပိုးကို သတ်ဖို့ ဆုံးဖြတ်တဲ့ အခါမှာ ကိုယ့်ကို စိုးရိမ်ကြောင့်ကြမှု (ကောင်းတာ) နှင့်

ပြောင်းပြန်သဘော (မကောင်းတာ) ရောနှောနေတယ်။ အဲဒီ သတ်ဖြတ်မှုက သင့်ကို ကောင်းကျိုး (ကောင်းမှု) ရစေပြီး၊ ဟိုပိုးမွှားကို ဆိုးကျိုး (မကောင်းမှု) ရစေတာ ထင်ရှားပါတယ်။ ဒီတော့ ရံဖန်ရံခါမှာ သတ်ဖြတ်ဖို့ လိုကောင်းလိုမှာ ဖြစ်ပေတဲ့ ဘယ်တော့မှ ကောင်းမှုတော့ မဖြစ်နိုင်ပါဘူး။

**မေး ။ ။ သင်တို့ ဗုဒ္ဓဘာသာတွေဟာ ပုရွက်ဆိတ်တွေ, ကြမ်းပိုးတွေနှင့် ပတ်သက်လို့ စိုးရိမ်ကြောင့်ကြလွန်းပါတယ်။**

ဖြေ ။ ။ ဗုဒ္ဓဘာသာဝင်တွေဟာ ခွဲခြားမှု မရှိဘဲ အားလုံးကို လွှမ်းခြုံမိတဲ့ သနားကြင်နာ ကရုဏာတရားတိုးပွါးဖို့ ကြိုးစားနေကြပါတယ်။ သူတို့ဟာ ကမ္ဘာလောကကြီးကို သတ္တဝါတိုင်း သူ့နေရာနှင့်သူ၊ သူ့လုပ်ငန်းဆောင်တာနှင့်သူ အသီးသီး စုပေါင်း ဖွဲ့စည်းထားတဲ့ အပေါင်းအဖွဲ့ကြီး တစ်ခုအဖြစ် မြင်ကြပါတယ်။

ကျွန်ုပ်တို့ဟာ သဘာဝတရားရဲ့ သိမ်မွေ့တဲ့ ချိန်ညှိမှုကို ဖျက်စီးမပစ်မိ ကျွန်ုပ်တို့ သတိထားသင့်တယ်လို့ ယုံကြည်ကြပါတယ်။ သဘာဝတရားကို အပြည့်အဝ လက်ဝါးကြီးအုပ် သုံးစားခြင်း၊ လျော့သွားတာကို ပြန်ဖြည့်

မပေးဘဲ သဘာဝတရားရဲ့ နောက်ဆုံး အစက် အပေါက်ကလေး တစ်ခုကိုတောင်မှ မရမက ဖြစ်ညှစ်ယူခြင်း၊ သဘာဝတရားကို အနိုင်ယူခြင်း၊ လွှမ်းမိုးခြင်းများအပေါ်မှာ အလေးပေးထားတဲ့ အဲဒီ ယဉ်ကျေးမှုတွေကိုပဲ ကြည့်ပါဦး။

အခု သဘာဝက တော်လှန် တိုက်ခိုက်နေပါပြီ။ လေဟာ အဆိပ် သင့်နေပါပြီ။ မြစ်ရေတွေ ညစ်ညမ်းပြီး ခန်းခြောက်ကုန်ကြပြီ။ လှပတဲ့ တိရစ္ဆာန် မျိုးစိတ်ပေါင်း မြောက်များစွာဟာ မျိုးသုဉ်းကုန်ကြပါပြီ။ တောင်တွေပေါ်မှာ သစ်ပင် ကင်းမဲ့ပြီး တောင်ကတုံးတွေ ဖြစ်ကုန်ကြပြီ။ ရေတိုက်စားကုန်ကြပြီ။ ရာသီဥတုတောင်မှ ပြောင်းလဲနေပါပြီ။

လူတွေဟာ ကြိတ်ချေဖို့၊ ဖျက်ဆီးဖို့၊ သတ်ဖြတ်ဖို့ စိတ်စောနေမှုကလေး နည်းနည်း လျှော့ပေးလိုက်ရင်ပဲ အခုပြောခဲ့တဲ့ ကြောက်စရာကောင်းတဲ့ အခြေအနေတွေ ဖြစ်ပေါ်မှာ မဟုတ်ပါဘူး။ ကျွန်ုပ်တို့ အားလုံးဟာ သဘာဝရဲ့ အသက်ကို လေးစားမှု နည်းနည်းလေးပဲဖြစ်ဖြစ် ပိုတိုးလာအောင် ကြိုးစားသင့်ကြပါတယ်။ "ဒါဟာ သတ္တဝါရဲ့ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း" ဆိုတဲ့ ပထမ သိက္ခာပုဒ်က ပြောပြနေတဲ့ အချက်ပါပဲ။

**မေး ။ ။ ဒါပေတဲ့ မုသာဝါဒနဲ့ ပတ်သက်တာ ကျတော့ ဘယ်လိုလဲ။ မုသား မပြောဘဲ နေလို့ ဖြစ်ပါ့မလား။**

**ဖြေ** ။ ။ လူ့အသိုင်းအဝန်းထဲမှာ ဖြစ်စေ၊ စီးပွါးရေး လောကထဲမှာဖြစ်စေ မုသားမပါဘဲ နေထိုင်လုပ်ကိုင်လို့ အမှန်တကယ် မဖြစ်ဘူးဆိုရင် ဒီလို ထိတ်လန့်စရာကောင်းတဲ့ အကျင့်ပျက်မှုမျိုးကို ပြောင်းလဲ ပစ်သင့်ပါတယ်။ ဗုဒ္ဓဘာသာဝင်ဆိုတာ ပိုပြီး တော်တည့်မှန်ကန်ဖို့၊ ပိုပြီး ရိုးသားဖြောင့်မတ်ဖို့ ကြိုးစားရင်း ပြဿနာနဲ့ ပတ်သက်လို့ လက်တွေ့ လုပ်ကိုင် ဆောင်ရွက်ဖို့ သန္နိဋ္ဌာန်ချထားတဲ့ လူမျိုးပါ။

**မေး ။ ။ ကောင်းပြီ ဒါဖြင့် အရက်နှင့် ပတ်သက်လို့ ဘယ်လိုလဲ။ နည်းနည်းပါးပါးလေး သောက်တာကတော့ မထိခိုက်တာ သေချာပါတယ်။**

**ဖြေ** ။ ။ လူတွေဟာ အရက်ကို အရသာခံဖို့ မသောက်ကြပါဘူး။ သူတို့တစ်ယောက်တည်း သောက်တဲ့ အခါ စိတ်ပြေလက်ပျောက် သောက်ကြတာပါ။ လူမှုရေး အနေနဲ့ သောက်တဲ့အခါ အများနှင့် လိုက်လျောညီထွေ ဖြစ်စေဖို့ သောက်ကြတာပါ။ သို့သော်လဲ အရက်ကို

နည်းနည်းလေးပင် သောက်ဦးတော့ စိတ်ဓာတ် ပျက်စီးပြီး သတိလက်လွတ် ဖြစ်စေပါတယ်။ အများကြီး သောက်ရင်တော့ ပျက်စီးတော့တာပါပဲ။

**မေး ။ ။ ဒါပေတဲ့ နည်းနည်းပါးပါး သောက်တာဟာ သီလ မကျိုးဘူး မဟုတ်လား။ နည်းနည်းလေးပဲဟာ။**

ဖြေ ။ ။ ဟုတ်ပါတယ်။ နည်းနည်းလေးပါပဲ။ ဒါပေတဲ့ နည်းနည်းတောင်မှ မစောင့်ထိန်းနိုင်ရင် သင့် ဆုံးဖြတ်ချက်ဟာ မခိုင်မာဘူးပေါ့။ မဟုတ်ဘူးလား။

**မေး ။ ။ ငါးပါးသီလဟာ အပြုသဘော မဟုတ်ပါဘူး။ ငါးပါးသီလက သင့်ကို မလုပ်ဖို့ပဲ ပြောတယ်။ လုပ်ဖို့ကျတော့ မပြောဘူး။**

ဖြေ ။ ။ ငါးပါးသီလဟာ ဗုဒ္ဓဘာသာ ကိုယ်ကျင့် တရားရဲ့ အခြေခံ ကျင့်ဝတ်မျှပါပဲ။ ကျင့်ဝတ်အားလုံး မဟုတ်ပါဘူး။ ကျွန်ုပ်တို့ဟာ ကျွန်ုပ်တို့ရဲ့ မကောင်းတဲ့ အပြုအမူတွေကို မှတ်သားထားပြီးတော့ အဲဒါတွေကို မလုပ်မိအောင် ကြိုးစားခြင်းအားဖြင့် ကိုယ်ကျင့်တရားကို စ,ရပါတယ်။

ဥပမာ–စကားပြောတယ် ဆိုကြပါစို့။ မှသားပြောမှုကို ရှောင်ကြဉ်ခြင်းအားဖြင့် စ,သင့်ကြောင်း မြတ်စွာဘုရား မိန့်တော်မူပါတယ်။ အဲဒီလို ရှောင်ကြဉ်ပြီးတော့ မှန်တဲ့စကား၊ နူးညံ့သိမ်မွေ့တဲ့စကား၊ ယဉ်ကျေးဖွယ်ရာစကား၊ အချိန်ကာလနှင့် ကိုက်ညီတဲ့စကားကို ပြောရပါမယ်။ ဗုဒ္ဓမြတ်စွာက အောက်ပါအတိုင်း မိန့်တော်မူပါတယ်။

မမှန်သော စကားကို ရှောင်ကြဉ်သူသည် မှန်သောစကား၊ အားကိုးထိုက်သောစကား၊ ယုံကြည်ထိုက်သောစကား၊ မှီခိုအားထားထိုက်သော စကားကို ပြောသူဖြစ်သည်။ သူသည် လောကကို မလိမ်ညာ မလှည့်စားပေ။

ဂုံးချောစကား ရှောင်ကြဉ်သူသည် လူအများကြားတွင် စိတ်ဝမ်း ကွဲပြားစေဖို့ရာ ဤနေရာ၌ ကြားသောစကားကို ထိုနေရာ၌ မပြောကြားပေ။ ထိုနေရာ၌ ကြားသော စကားကို ဤနေရာ၌ မပြောကြားပေ။ သူသည် စိတ်ဝမ်းကွဲပြားနေသူများကို အစေ့အစပ်စကား ပြောကြား လေ့ရှိ၏။ ခင်မင်နေသူများကို ပိုမိုချစ်ခင်အောင် အားပေးစကား ပြောကြားတတ်၏။ ညီညွတ်မှုသည် သူ၏ ပျော်ရွှင်မှု၊ ညီညွတ်မှုသည် သူ၏ ဝမ်းမြောက်မှု၊ ညီညွတ်မှုသည် သူ၏ ချစ်ခင်မှုဖြစ်သည်။

ဤသည်မှာ သူ့စကားပြောရာတွင် ပါဝင်သော စိတ်ထား စေတနာဖြစ်သည်။

ကြမ်းတမ်း ရိုင်းစိုင်းသော စကားကို ရှောင်ကြဉ်သူသည် အပြစ်ကင်းသော စကား၊ နားဝင်သာသော စကား၊ နှစ်သက်ဖွယ်သော စကား၊ စိတ်နှလုံးသို့ သက်ဝင်သော စကား၊ ယဉ်ကျေးသော စကား၊ အများ နှစ်သက် သဘောကျသော စကားကို ပြောဆိုတတ်၏။

အကျိုးမရ အနှစ်သာရမရှိသော စကားကို ရှောင်ကြဉ်သူသည် အချိန်ကာလနှင့် ကိုက်ညီသော စကား၊ မှန်သောစကား၊ အကျိုးရှိသောစကား၊ တရားနှင့် စပ်သောစကား၊ ကျင့်ဝတ်နှင့် စပ်သော စကားကို ပြောဆိုတတ်၏။ သူသည် စိတ်နှလုံး၌ သိုမှီထားထိုက်သော စကား၊ အချိန်ကာလနှင့် လျော်သောစကား၊ သင့်လျော် လျောက်ပတ်သော စကား၊ အဓိပ္ပါယ် ပြည့်ဝသောစကား၊ အကျိုး စီးပွါးနှင့်စပ်သော စကားကို ပြောဆိုတတ်၏။

**မေး ။ ။ ထေဝရဝါဒဘုရား၊ သို့မဟုတ် တန်ခိုးရှင်ဘုရားများရဲ့ တန်ခိုးကို အားကိုးအားထားမှသာလျှင် လူကောင်းတစ်ယောက် ဖြစ်နိုင်တယ်လို့ တချို့ ပြောကြပါတယ်။ (အဲဒါ ဘယ်လို သဘောရပါသလဲ။)**

ဖြေ ။ ။ ဒါကတော့ လုံးဝ မှားပါတယ်။ မြင့်မြတ်တဲ့ အပြစ်ကင်းတဲ့ အပြုအမူတွေကို ပြုမူနေကြတဲ့ ဗုဒ္ဓဘာသာဝင်တွေ၊ ဘာဘာသာမှ မကိုးကွယ်သူတွေ သန်းချီ ရှိကြပါတယ်။ သူတို့ဟာ တစ်ခါတလေမှသာ မဟုတ်ဘဲ အမြဲတစေ မြင့်မြတ်တဲ့ အပြစ်ကင်းတဲ့ အပြုအမူတွေကို ပြုမူနေကြသူတွေ ဖြစ်ပါတယ်။ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ထူး တစ်ယောက်ကို ယုံကြည်နေကြတဲ့ လူများအကြားမှာ တွေ့ရတတ်တဲ့ ပုဂ္ဂိုလ်မျိုးလိုပါပဲ။ သင်ဟာ ရိုးသားစွာ ကြိုးစားရင် သင့်ရဲ့ အပြုအမူတွေကို စင်ကြယ်အောင် လုပ်နိုင်ပါတယ်။ လုံးဝ အပြည့်အစုံ မစင်ကြယ်နိုင်တောင်မှ ပိုပြီး စင်ကြယ်အောင် ကြိုးစား လုပ်ဆောင်နိုင်တာကတော့ သေချာပါတယ်။

# ၅။ တမလွန်ဘဝ

မေး ။ ။ လူဟာ ဘယ်ကလာပြီး ဘယ်ကို သွားမှာပါလဲ။

ဖြေ ။ ။ ဒီအမေးကို ဖြေဖို့ ဖြစ်နိုင်တဲ့အဖြေ သုံးခု ရှိပါတယ်။ ထာဝရဘုရား သို့မဟုတ် တန်ခိုးရှင်ဘုရားများကို ယုံကြည်တဲ့ လူများက လူဟာ ထာဝရဘုရား မဖန်ဆင်းခင်က မရှိသေးဘဲ ဖန်ဆင်းလိုက်မှ ထာဝရဘုရားရဲ့ အလိုတော်ကြောင့် လူဖြစ်လာကြောင်း ပြောကြပါတယ်။ လူ့ဘဝနှင့် အသက်ရှင် နေပြီးတဲ့နောက် သေတဲ့အခါမယ် အဲဒီဘဝမှာ သူ့ရဲ့ ယုံကြည်မှု၊ ပြုလုပ်မှုအားလျော်စွာ ထာဝရ ကောင်းကင်ဘုံနန်းကိုရင်လဲ သွားရတယ်။ ထာဝရ ငရဲမှာရင်လဲ ကျရတယ်။

လူသားဝါဒသမားများနှင့် သိပ္ပံပညာရှင် တချို့ကတော့ လူဟာ သဘာဝ အကြောင်းတရားများကြောင့်

အမိဝမ်းတွင်းမှာ လူအဖြစ် ရောက်လာပြီးတော့ သေတဲ့ အခါမှာ လုံးဝအဖြစ် ရပ်သွားကြောင်း (နောက်တစ်ဘဝ မဖြစ်တော့ကြောင်း) ပြောဆိုကြပါတယ်။

ဗုဒ္ဓဘာသာက အဲဒီ ရှင်းပြချက် နှစ်မျိုးလုံးကို လက်မခံပါဘူး။ တကယ်လို့ ကောင်းမြတ်တဲ့ ထာဝရ ဘုရားသခင်ဟာ ကျွန်ုပ်တို့ကို တကယ်ပဲဖန်ဆင်းတယ်ဆိုရင် ကြောက်စရာ ကောင်းလှတဲ့ ခြေလက်အင်္ဂါ ချို့တဲ့တဲ့ လူပေါင်း မြောက်များစွာကို ဘာကြောင့် မွေးဖွားစေသလဲ ဆိုတာကို ရှင်းပြဖို့ ခက်ပါတယ်။ ပြီးတော့ ကလေးတွေ မမွေးဖွားခင် ပျက်ကျတာတို့၊ အသေကလေး မွေးဖွားလာတာ တို့ကိုလဲ ဘာကြောင့်ဆိုတာ ရှင်းပြဖို့ ခက်ပါတယ်။

ထာဝရဘုရား ဝါဒရဲ့ ရှင်းပြချက်မှာ တခြား ပြဿနာ တစ်ခုလဲ ရှိပါတယ်။ အဲဒါကတော့ လူဟာ လူ့ဘဝမှာ နှစ်ပေါင်း ၆၀၊ ၇၀ မျှသာ ပြုလုပ်ခဲ့တဲ့ မကောင်းမှုကြောင့် ထာဝရ ငရဲမှာ ထာဝရ ဆင်းရဲကို အမြဲထာဝရ ခံစားနေရတယ် ဆိုတာဟာ နည်းနည်းမှ တရားမျှတပုံ မပေါ်ပါဘူး။ အနှစ် ၆၀၊ ၇၀ မျှ ထာဝရဘုရားကို မယုံကြည်ခြင်း၊ အကျင့်ပျက်ခြင်းကြောင့် ငရဲမှာ ထာဝရ အညှဉ်းဆဲ အနှိပ်စက် ခံရဖို့ မထိုက်ပါဘူး။

အလားတူပဲ လူ့ဘဝမှာ အနှစ် ၆၀၊ ၇၀ ကလေး ကောင်းမှု ပြုလုပ်တာနဲ့ ကောင်းကင်ဘုံနန်းမှာ ထာဝရ

ချမ်းသာ ခံစားရတယ် ဆိုတာဟာ ပေးရတဲ့ တန်ဖိုးက အလွန် နည်းနေပုံရပါတယ်။

ဒုတိယအချက်ဖြစ်တဲ့ လူသားဝါဒ သမားများနှင့် သိပ္ပံပညာရှင် အချို့ရဲ့ ရှင်းပြချက်က ပထမ ထာဝရ ဝါဒ ရှင်းပြချက်ထက် ပိုကောင်းပါတယ်။ သူတို့ရဲ့ အယူအဆကို ထောက်ခံဖို့ရာ ပိုပြီး သိပ္ပံနည်းကျတဲ့ အထောက်အထားလဲ ရှိပါတယ်။ သို့သော်လဲ ဒီရှင်းပြချက်အရ အရေးကြီးတဲ့ မေးခွန်းပေါင်းများစွာ မဖြေနိုင်ဘဲ ကျန်နေပါသေးတယ်။ စိတ်လို အံ့ဩလောက်အောင် ရှုပ်ထွေးလှတဲ့ သဘာဝ တစ်ခုဟာ ဖိုမျိုးဥ မမျိုးဥလို့ ခေါ်တဲ့ ရုပ်ကလာပ်စည်းကလေး နှစ်ခု ပေါင်းဆုံမိရုံမျှနှင့် ဘယ်လို ဖြစ်ပေါ်လာနိုင်ပါ့မလဲ။ ပြီးတော့ အခု စိတ်နယ်လွန် ပညာကို သိပ္ပံပညာ ဂိုဏ်းခွဲ တစ်ခုအနေနဲ့ အသိအမှတ် ပြုလိုက်ပြီဆိုတော့ စိတ်ချင်း ဆက်သွယ် နားလည်မှုဖြစ်တဲ့ တယ်လီပသီ သဘောဟာ စိတ်ရဲ့ ရုပ်သဘာဝ ပုံစံမှာ အံဝင်ခွင်ကျ ဖြစ်ဖို့ရာ ပိုမိုပြီး ခက်ခဲလာပါတယ်။

ဗုဒ္ဓဘာသာက လူဟာ ဘယ်ကလာတယ်။ ဘယ်ကို သွားမယ် ဆိုတာကို ကျေနပ်ဖွယ်အကောင်းဆုံး ဖြစ်အောင် ရှင်းပြထားပါတယ်။ လူသေတဲ့အခါမှာ စိတ်ဟာ ဒီဘဝမှာ အကြောင်းခံပြီး ဖြစ်ပေါ်တိုးပွါးခဲ့တဲ့ ဝါသနာများ၊ စွမ်းရည်များ၊ သဘောလက္ခဏာများနှင့်အတူ (နောက်ဘဝမှာ)

အောင်မြင်သော မျိုးဥများအတွင်းမယ် အခြေတည် လိုက်ပါတယ်။ [အစ ဆုံး ပဋိသန္ဓေစိတ် ဖြစ်ပေါ်ခြင်းကိုပင် အများ နားလည်စေရန် အခြေတည်သည် ဟု သုံးနှုန်းဟန် တူပါသည်။ ဘာသာပြန်သူ] ဒီလိုနဲ့ တဖြည်းဖြည်း ကြီးထွားလာပြီးတော့ ပြန်လည် မွေးဖွါး လာပါတယ်။ ပြီးတော့ အရင်ဘဝက ပါလာခဲ့တဲ့ စိတ်နေစိတ်ထား အကျင့်စရိုက်များနှင့် နောက်ဘဝမှာ အသစ်ဖြစ်တဲ့ ပတ်ဝန်းကျင်အပေါ်မှာ အကြောင်းခံပြီး ပုဂ္ဂိုလ်အရည်အသွေး ဖြစ်ပေါ်လာပါတယ်။ ဒီပုဂ္ဂိုလ် အရည်အသွေးကို ပညာရေး၊ မိဘတို့ရဲ့ ဩဇာအရှိန်အဝါနဲ့ လူ့အသိုင်းအဝန်းတို့လို အကြောင်းအချက်တွေကရော ကြိုးစား အားထုတ်မှုများကပါ ပြုပြင် ပြောင်းလဲပေးသွားပါတယ်။

ပြီးတော့ နောက်တစ်ကြိမ် သေပြန်တဲ့အခါ မျိုးဥသစ် အတွင်းမှာ ပဋိသန္ဓေအဖြစ် တည်ပြန်ပါတယ်။ သေခြင်း၊ ပြန်လည် မွေးဖွားခြင်းဆိုတဲ့ ဒီဖြစ်စဉ်ဟာ (ဘဝကို) ဖြစ်ပေါ်စေတဲ့ အကြောင်းများဖြစ်တဲ့ အဝိဇ္ဇာနှင့် တဏှာ အဖြစ်ရပ်သွားသည်အထိ ဆက်လက် ဖြစ်ပေါ်နေပါ လိမ့်မယ်။ အဝိဇ္ဇာနှင့် တဏှာ အဖြစ်ရပ်သွားရင် ပြန်လည် မမွေးဖွားတော့ဘဲ စိတ်ဟာ နိဗ္ဗာန်လို့ခေါ်တဲ့ အခြေအနေ တစ်ခုကို ရရှိပါလိမ့်မယ်။ ဒါဟာ ဗုဒ္ဓဘာသာရဲ့ အဆုံးစွန်သော ပန်းတိုင်နှင့် ဘဝရဲ့ ရည်ရွယ်ချက်ပါပဲ။

မေး ။ ။ စိတ်ဟာ ခန္ဓာကိုယ် တစ်ခုကနေ အခြား ခန္ဓာကိုယ် တစ်ခုကို ဘယ်လို ရောက်သွားပါသလဲ။

ဖြေ ။ ။ စိတ်ကို ရေဒီယိုလှိုင်းနှင့် တူတယ်လို့ စဉ်းစားကြည့်ပါ။ ရေဒီယို လှိုင်းများဟာ စကားလုံးများ၊ တေးဂီတများနှင့် တည်ဆောက်ထားတာ မဟုတ်ပါဘူး။ ဖရီကွင့်စီ(Frequency) အမျိုးမျိုးရှိတဲ့ စွမ်းအား(Energy) နှင့် တည်ဆောက်ထားတာပါ။ ဒီလှိုင်းတွေကို လွှင့်ထုတ်လိုက်တဲ့အခါ သူတို့ဟာ အာကာသ ဟင်းလင်းပြင်မှာ လျှောက်သွားနေပါတယ်။ အဲဒါကိုမှ သက်ဆိုင်ရာ အသံလွှင့်ဌာနက အသံဖမ်းစက်နှင့် ဖမ်းယူလိုက်ပြီးတော့ စကားလုံးများ တေးဂီတများအဖြစ် အသံလွှင့်ပါတယ်။ စိတ်ဖြစ်ပျက်ပုံလဲ ဒီအတိုင်းပါပဲ။ သေတဲ့အခါမှာ စိတ်ရဲ့ စွမ်းအားဟာ ဟင်းလင်းပြင်မှာ လျှောက်သွားနေပါတယ်။ အဲဒီ စွမ်းအားကိုမှ သက်ဆိုင်ရာ သန္ဓေ မျိုးဥများကဖမ်းယူလိုက်ပါတယ်။ သန္ဓေသားကောင် ကြီးထွားလာတဲ့အခါမှာ ဒီစိတ်စွမ်းအားဟာ ဦးနှောက်မှာ ဗဟိုပြုပြီး နောက်ကျတော့ ပုဂ္ဂိုလ်သတ္တဝါ တစ်ယောက်အဖြစ် ပေါ်ပေါက်လာပါတယ်။ *

---

* အဘိဓမ္မာ သဘောအရ စုတိစိတ် သေစိတ် ပျက်ပြီးနောက် (စိတ္တက္ခဏ တစ်ခုပင် မခြားဘဲ) နောက်က ကပ်လျက် ပဋိသန္ဓေစိတ် ရှင်စိတ် ဖြစ် ပေါ်သည်။ သို့ဖြင့် နောက်တဘဝ ဖြစ်ပေါ်သည်။

**မေး ။ ။**လူတစ်ယောက်ဟာ အမြဲတမ်းပဲ လူပြန်ဖြစ်ပါသလား။

**ဖြေ ။ ။** မဖြစ်ပါဘူး။ သတ္တဝါ တစ်ဦးဦးအဖြစ် ပြန်လည် မွေးဖွားဖို့ရာ ဘုံဘဝတွေ များစွာ ရှိပါတယ်။ တချို့က နတ်ပြည်မှာ ပြန်ဖြစ်တယ်။ တချို့က ငရဲပြည်မှာ ပြန်ဖြစ်တယ်။ တချို့ကပြိတ္တာဘဝမှာ ပြန်ဖြစ်တယ်။ အဲဒီလို စသည်ဖြင့် အမျိုးမျိုး ပြန်ဖြစ်ကြပါတယ်။

နတ်ပြည်ဆိုတာ နေရာဌာနတစ်ခု မဟုတ်ပါဘူး။ ဘဝ အခြေအနေ တစ်မျိုးပါ။ [ဖြေသူ ဘုန်းကြီးရဲ့ အယူအဆမျှသာ ဖြစ်ပါသည်။ ဗုဒ္ဓဘာသာ တရားတော် အရမူ နတ်ပြည်နှင့် ငရဲတို့သည် တည်နေရာ ဘုံဌာနများသာ ဖြစ်ပါသည်။ **ဘာသာပြန်သူ**]

အဲဒီ နတ်ဘဝမှာ ဖြစ်တဲ့သူဟာ နူးညံ့ သိမ်မွေ့တဲ့ ခန္ဓာကိုယ် ရှိပါတယ်။ ပဓာနအားဖြင့် နှစ်သက်စရာ အာရုံတွေကိုပဲ ခံစားရပါတယ်။ တချို့ ဘာသာတရားများက (Heaven) ကောင်းကင်ဘုံနန်းဟာ အမြဲ တည်ရှိနေတဲ့ နေရာဌာနလို့ မှားယွင်းစွာ ယူဆပြီး အဲဒီမှာ ဖြစ်ဖို့ အပြင်းအထန် ကြိုးစားကြပါတယ်။ သို့သော်လဲ ဒီလို မဟုတ်ပါဘူး။ အားလုံးသော အကြောင်းကြောင့် ဖြစ်တဲ့ အရာများလိုပဲ နတ်ဘုံနတ်နန်းဟာလဲ မတည်မြဲပါဘူး။

အဲဒီ နတ်ပြည်မှာ သက်တမ်းကုန်သွားရင် လူ့ပြည်မှာ လူပြန်ဖြစ်နိုင်ပါတယ်။

ထို့အတူပဲ ငရဲဟာလဲနေရာဌာနတစ်ခု မဟုတ်ပါဘူး။ ဘဝ အခြေအနေ တစ်မျိုးပါပဲ။ အဲဒီ ငရဲဘဝမှာ ဖြစ်တဲ့သူဟာ နူးညံ့သိမ်မွေ့တဲ့ ခန္ဓာကိုယ်ရှိပြီး ပဓာနအားဖြင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲတွေကိုပဲ ခံစားနေရပါတယ်။

ပြိတ္တာဘဝဆိုတာလဲ ဘဝအခြေအနေ တစ်မျိုးပါ။ သူလဲ နူးညံ့သိမ်မွေ့တဲ့ ခန္ဓာကိုယ်ရှိပြီး အမြဲတစေ အစားအစာ ကို တောင့်တနေပါတယ်။ ကျေနပ်မှုရယ်လို့လဲ မရှိပါဘူး။

ဒီတော့ နတ်တွေက ပဓာနအားဖြင့် နှစ်သက်စရာ အာရုံတွေကို ခံစားနေရတယ်။ ငရဲသားနဲ့ ပြိတ္တာတွေက ပဓာနအားဖြင့် ဆင်းရဲတွေကို ခံစားနေရတယ်။ လူတွေက ဆင်းရဲချမ်းသာ ရောလျက် ခံစားရတယ်။ ဒါကြောင့် လူ့လောကနှင့် တခြားလောကတွေရဲ့ ခြားနားချက်က ခန္ဓာကိုယ်နှင့် တွေ့ကြုံ ခံစားမှု ကွာခြားခြင်းပါပဲ။

**မေး ။ ။ ကျွန်ုပ်တို့ ဘယ်မှာ ပြန်မွေးဖွားမယ်ဆိုတာ ဘာက ဆုံးဖြတ်ပါသလဲ။**

ဖြေ ။ ။ ကျွန်ုပ်တို့ ဘယ်မှာ ပြန်မွေးဖွားမယ်၊ ဘယ်ဘဝမျိုး ရမယ်ဆိုတဲ့ အပေါ်မှာ ဩဇာ သက်ရောက်တဲ့

အရေးအကြီးဆုံး အကြောင်း အချက်ကတော့ ကံတရားပါပဲ။ သို့သော်လဲ ဒီအကြောင်း တစ်ခုတည်းတော့ မဟုတ်ပါဘူး။ "ကံ" ဆိုတာ "အလုပ်" ပါပဲ။ ရည်ရွယ်ချက်ပါတဲ့ စိတ်အလုပ် စေတနာကို ဆိုလိုပါတယ်။ တနည်းပြောရရင် အတိတ်က ကျွန်ုပ်တို့ ဘယ်လို စဉ်းစားပြီး ဘယ်လို လုပ်ခဲ့တယ်ဆိုတဲ့ အချက်က ကျွန်ုပ်တို့ လက်ရှိ အခြေအနေကို ဆုံးဖြတ်ပေးပါတယ်။ ထို့အတူပဲ ကျွန်ုပ်တို့ အခု ဘယ်လိုစဉ်းစားပြီး ဘယ်လို ပြုလုပ်တယ်ဆိုတဲ့ အချက်က ကျွန်ုပ်တို့အတွက် နောင်ခါ ဖြစ်ပေါ်မည့် အခြေအနေကို ဆုံးဖြတ်ပေးပါတယ်။

နူးညံ့သိမ်မွေ့ပြီး မေတ္တာ ထားတတ်တဲ့ ပုဂ္ဂိုလ်မျိုးဟာ နတ်ဘဝမှာ ဖြစ်စေ၊ နှစ်သက် ဝမ်းသာစရာ အတွေ့အကြုံတွေကို မြောက်မြားစွာ တွေ့ကြုံ ခံစားရမည့် လူ့ဘဝမှာ ဖြစ်စေ ပြန်ဖြစ်ဖို့ များပါတယ်။ စိုးရိမ် ကြောင့်ကြမှုတွေ များပြီး အလွန် ရက်စက်ကြမ်းကြုတ်တဲ့ လူမျိုးဟာ ငရဲဘဝမှာဖြစ်စေ၊ ဆင်းရဲဒုက္ခတွေ မြောက်များစွာ တွေ့ကြုံ ခံစားရတဲ့ လူ့ဘဝမှာဖြစ်စေ ပြန်ဖြစ်ဖို့ များပါတယ်။

အလွန်အမင်း လိုချင်တပ်မက်ခြင်း၊ အာသာငမ်းငမ်း အရမ်းတောင့်တခြင်း၊ ဘယ်တော့မှ ကျေနပ်မှု မရဘဲ ပူလောင် ပြင်းပြတဲ့ အလိုလောဘ– ဒီတရားဆိုးတွေ ပြည့်နေတဲ့ လူဟာ ပြိတ္တာဘဝမှာဖြစ်စေ၊ လိုချင်တောင့်တမှု

တွေကြောင့် ဘာလုပ်ရမှန်း မသိအောင် ဆင်းရဲဒုက္ခကို အကြီးအကျယ် ခံစားနေရတဲ့ လူဘဝမှာဖြစ်စေ ဖြစ်ဖို့ များပါတယ်။ ဒီဘဝမှာ ပြင်းပြင်းထန်ထန် ဖြစ်ပွါးတဲ့ စိတ်ခါတ် အကျင့်စရိုက်တွေဟာ နောက်ဘဝမှာလဲ ဖြစ်ပွါးမှာ ပါပဲ။ သို့သော်လဲ လူများစုကတော့ လူပဲပြန်ဖြစ် ကြတာပါပဲ။

**မေး ။ ။ ဒီတော့ ကျွန်ုပ်တို့ကို ကံက မဆုံးဖြတ်ဘူး ဆိုရင် အဲဒီစိတ်ခါတ် အကျင့်စရိုက်တွေကို ပြောင်းလဲ ပစ်နိုင်တာပေါ့။**

ဖြေ ။ ။ ပြောင်းလဲပစ်နိုင်တာ သေချာပါတယ်။ အဲဒါဟာ မဂ္ဂင်ရှစ်ပါးထဲက တဆင့်ဖြစ်တဲ့ သမ္မာဝါယာမ မဂ္ဂင်ကို ဟောရခြင်းရဲ့ အကြောင်းပါပဲ။ ဒီလို ပြောင်းလဲနိုင်ဖို့ ဆိုတာ ကျွန်ုပ်တို့ရဲ့ ရိုးသားမှု၊ ပြီးတော့ ဝီရိယစွမ်းအားကို ဘယ်လောက်များများ အသုံးပြုနိုင်တယ်ဆိုတာနှင့် ဒီအကျင့် စရိုက်က ဘယ်လောက် အင်အားကောင်းတယ်ဆိုတဲ့ အပေါ်မှာ တည်ပါတယ်။ သို့သော်လဲ တချို့လူများဟာ ဒီအကျင့် စရိုက်တွေကို ပြုပြင် ပြောင်းလဲဖို့ မကြိုးစားဘဲ မနှစ်မြို့ဖွယ်ရာ ဆိုးကျိုးတွေကိုသာ ခံစားရင်း ဒီအကျင့် စရိုက်တွေရဲ့ လွှမ်းမိုးမှုအောက်မှာ ခေါင်းငုံ့ခံကာ တစ်ဘဝလုံး နေသွားကြတာတွေ ရှိတယ် ဆိုတာလဲ မှန်ပါတယ်။ ဒီလို ပုဂ္ဂိုလ်တွေဟာ သူတို့ရဲ့ စိတ်ခါတ် အကျင့်ဆိုးတွေကို

မပြုပြင် မပြောင်းလဲကြ ချင် ဆက်လက်ပြီး ဆင်းရဲဒုက္ခတွေ ခံနေကြရဦးမှာပါပဲ။ ဒီအကျင့် စရိုက်တွေ ကြာရှည် တည်နေလေ ပြုပြင် ပြောင်းလဲဖို့ ခက်လေပါပဲ။

ဗုဒ္ဓဘာသာဝင်များဟာ ဒီသဘောကို နားလည်ကြလို့ မနှစ်မြို့ဖွယ်ရာ ဆိုးကျိုးတွေကို ဖြစ်ပေါ်စေတဲ့ အကျင့် စရိုက်ဆိုးတွေကို ပယ်ရှားပြီး ပျော်ရွှင်ချမ်းသာ ဝမ်းသာဖွယ်ရာ ကောင်းကျိုးတွေကို ဖြစ်ပေါ်စေတဲ့ အကျင့် စရိုက်ကောင်းတွေ တိုးပွါးအောင် ကြိုးစားဖို့ အခွင့်ကောင်း မှန်သမျှကို အရယူ အသုံးချကြပါတယ်။

အပြစ်ကင်းတဲ့စကား ပြောဆိုခြင်း၊ အပြစ် မကင်းတဲ့ စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ အပြစ်ကင်းတဲ့ အလုပ်ကိုပြုလုပ်ခြင်း၊ အပြစ်မကင်းတဲ့ အလုပ်ကိုပြုလုပ်ခြင်းမှ ရှောင်ကြဉ်ခြင်းများလိုပဲ ဝချရားအားထုတ်ခြင်းဟာလဲ စိတ်ဓာတ် အကျင့်ဆိုးများကို ပြုပြင်ဖို့ရာ အသုံးပြုတဲ့ နည်းတွေထဲက တစ်နည်းပါပဲ။ ဗုဒ္ဓဘာသာတို့ရဲ့ တစ်ဘဝလုံးဟာ စိတ်ကို ဖြူစင်စေဖို့နှင့် စိတ်ညစ် စိတ်ဆိုးများမှ လွတ်မြောက် စေဖို့ လေ့ကျင့် သင်ကြားပေးတဲ့ သင်တန်း တစ်ခုပါပဲ။ ဥပမာ ဆိုကြပါစို့– သည်းခံခြင်းနှင့် သနားကြင်နာခြင်းဟာ သင်ရဲ့ အတိတ်ဘဝမှာ ထင်ရှားတဲ့ စိတ်ဓာတ် စရိုက်များ ဖြစ်ခဲ့ရင် ဒီလို စိတ်ဓာတ် စရိုက်များဟာ ဒီဘဝမှာလဲ ပြန်ပြီး ဖြစ်ပေါ်လာမှာပဲ။ ဒီဘဝမှာ အဲဒီ

သည်းခံခြင်းနှင့် သနားကြင်နာခြင်းကို ပိုအားကောင်းအောင်၊ ပိုဖွံ့ဖြိုးအောင် ပြုလုပ်မယ်ဆိုရင် ဒီစိတ်နေ စိတ်ထားများဟာ နောင် အနာဂါတ် ဘဝမှာ ပိုပြီးတော့တောင် အားကောင်း လာပါလိမ့်မယ်။ ဒါဟာ အချိန်ကြာကြာ စွဲမြဲလာတဲ့ အလေ့အကျင့်တစ်ခုဟာ ပျောက်ဖျက်ဖို့ ခဲယဉ်းတယ်ဆိုတဲ့ ရိုးရိုးရှင်းရှင်းနဲ့ သိသာထင်ရှားတဲ့ အချက်ပေါ်မှာ အခြေခံတဲ့ သဘောတရားပါ။

အခု သင်သည်းခံစိတ် သနားကြင်နာစိတ် ရှိတဲ့ အခါမှာ သူတစ်ပါးက သင့်ကို လွယ်လွယ်နှင့် စိတ်ဆွပေးလို့ မရတော့ဘူး။ သင်ကလဲ သူတစ်ပါး အပေါ်မှာ မလိုမုန်းထား စိတ် မထားတော့ဘူး။ လူတွေကလဲ သင့်ကို သဘောကျ ကြတယ်။ ဒီတော့ သင်ဟာ ပိုပြီး ပျော်စရာ၊ စိတ်ချမ်းသာစရာ ကိုပဲ တွေ့ရဖို့ ရှိတော့တယ်။

အခု နောက်ဥပမာတစ်ခု ကြည့်ကြဦးစို့။ သင်ဟာ သင်ရဲ့ အတိတ်ဘဝက စိတ်ဓာတ် အလေ့အကျင့်ကြောင့် သည်းခံဖို့ သနားကြင်နာဖို့ စိတ်ထားနှင့် ဒီဘဝမှာ လူဖြစ်လာတယ် ဆိုကြပါစို့။ သင်ဟာ ဒီဘဝမှာ အဲဒီ စိတ်ကောင်း နှလုံးကောင်းတွေကို ပိုအားကောင်းအောင် ဖွံ့ဖြိုးအောင် မလုပ်ဘဲ အမှတ်တမဲ့ နေလိုက်ရင် အဲဒီ စိတ်ကောင်း နှလုံးကောင်းတွေဟာ တဖြည်းဖြည်း အားနည်း သွားပြီး ပျောက်သွားမှာပဲ။ နောက်ဘဝမှာ လုံးဝမရှိဘဲ

ဖြစ်သွားမှာပဲ။ ဒီဘဝမှာ သည်းခံခြင်း၊ သနား ကြင်နာခြင်း ဆိုတဲ့ စိတ်ကောင်း နှလုံးကောင်းတွေ အားပျော့သွားတဲ့ အတွက် ဒီဘဝမှာပဲဖြစ်စေ၊ နောက်ဘဝမှာပဲဖြစ်စေ သင့်မှာ စိတ်တိုတာ၊ ဒေါသကြီးတာ၊ ရက်စက်ကြမ်းကြုတ်တာတွေ ကြီးထွားလာနိုင်တယ်။ အဲဒီ စိတ်ဓာတ် စရိုက်ဆိုးတွေက ဖန်တီးပေးလိုက်တဲ့ မနှစ်မြို့ဖွယ်ရာ အတွေ့အကြုံ တွေကိုလဲ တွေ့ကြုံ ခံစားရမှာပဲ။

နောက်ဆုံး ဥပမာတစ်ခု ကြည့်ကြဦးစို့။ သင့်ရဲ့ အတိတ် ဘဝက စိတ်ဓာတ် အကျင့် စရိုက်ဆိုးတွေကြောင့် ဒီဘဝမှာ သင်စိတ်တိုတတ်တယ်၊ ဒေါသ ကြီးတတ်တယ် ဆိုကြပါစို့။ ဒီလို မကောင်းတဲ့ စိတ်ဓာတ်တွေဟာ မနှစ်မြို့ဖွယ်ရာ အကျိုးတွေကိုပဲ ဖြစ်ပေါ်စေတယ်လို့ သင်သဘော ပေါက်တဲ့အတွက် ဒီစိတ်ဓာတ်တွေကို ပြုပြင် ပြောင်းလဲဖို့ သင်ကြိုးစားတယ်။ သူတို့ကို စိတ်ကောင်း စိတ်မြတ်တွေနဲ့ လဲလှယ် အစားထိုးလိုက်တယ်။ ကြိုးစား အားထုတ်ရင် ဖြစ်နိုင်တဲ့ သဘောရှိတာမို့ သင်ဟာ အဲဒီ စိတ်ဆိုး စိတ်မိုက်တွေကို ပယ်ရှားနိုင်ရင် သင်ဟာ စိတ်တိုခြင်း၊ ဒေါသကြီးခြင်းကြောင့် ဖြစ်ပေါ်တဲ့ မနှစ်မြို့ ဖွယ်ရာ ဆိုးဝါးတဲ့ အကျိုးတရားတွေက လွတ်မြောက် သွားပါတယ်။ သင်ဟာ ဒီဘဝမှာ ဒီစိတ်ဆိုး စိတ်မိုက်တွေကို လုံးဝ မပယ်ရှားနိုင်ဦးတော့ သူတို့ကို အားနည်းသွားအောင်

လုပ်နိုင်ရင် နောက်ဘဝမှာ သင် နည်းနည်းကလေး ကြိုးစားလိုက်တာနှင့် သူတို့ကို လုံးဝ ပယ်ရှားနိုင်ပြီး သူတို့ကြောင့် ဖြစ်ပေါ်တဲ့ မနှစ်မြို့ဖွယ်ရာ ဆိုးကျိုးတွေက လွတ်မြောက်သွားပါလိမ့်မယ်။

**မေး ။ ။ သင်ဟာ နောက်ဘဝအကြောင်း အများကြီး ပြောသွားတယ်။ ဒါပေတဲ့ နောက်ဘဝရှိကြောင်း သက်သေ အထောက်အထား ပြနိုင်ပါသလား။**

ဖြေ ။ ။ ဗုဒ္ဓဘာသာတို့ရဲ့ တမလွန်ဘဝ ယုံကြည်မှုကို ထောက်ခံဖို့ သိပ္ပံပညာဆိုင်ရာ အထောက် အထားသာမက တခြား အထောက်အထားတွေလဲ ရှိပါတယ်။ ဒီလိုရှိတာဟာ ဒီတမလွန်ဘဝ အယူအဆ တစ်ခုပဲ ရှိပါတယ်။ ကောင်းကင်ဘုံနန်း (Heaven) ရှိတယ်ဆိုတာ သက်သေပြဖို့ ဘာအထောက်အထားမှ မရှိပါဘူး။ တကယ်တော့ လူသေရင် ပျက်စီးသွားပြီး နောက်ဘဝ မဖြစ်တော့ဘူးဆိုတဲ့ အယူအဆတွေအတွက်လဲ သက်သေအထောက်အထား မရှိပါဘူး။

သို့သော်လဲ စိတ်နယ်လွန် ပညာရှင်တွေကတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ အတွင်းမှာ အတိတ်ဘဝတွေကို ထင်ထင်ရှားရှား မှတ်မိတဲ့ လူတချို့ရဲ့ အကြောင်းကို လေ့လာခဲ့ပါတယ်။

ဥပမာ – အင်္ဂလန်မှာ ငါးနှစ်သမီး မိန်းကလေး တစ်ယောက်က သူမရဲ့ တခြား အမေနှင့်အဖေကို မှတ်မိကြောင်း ပြောပါတယ်။ မိန်းကလေးက တခြားပုဂ္ဂိုလ် တစ်ယောက်ရဲ့ ဘဝ အဖြစ်အပျက်တွေ ဖြစ်ပုံရတဲ့ အကြောင်းအရာတွေကို ကွင်းကွင်းကွက်ကွက် ပြောပြ နိုင်တယ်။ စိတ်နယ်လွန် ပညာရှင်တွေ ရောက်လာပြီး မေးခွန်းပေါင်း မြောက်မြားစွာ မေးကြတယ်။ မိန်းကလေးက အဲဒီ မေးခွန်းတွေကို ဖြေပါတယ်။

မိန်းကလေးက စပိန်နိုင်ငံမှာလို့ ထင်ရတဲ့ ရွာတစ်ရွာ မှာ သူနေခဲ့ပုံကို ပြောပြတယ်။ သူနေခဲ့တဲ့ ရွာနာမည်၊ လမ်းနာမည်၊ အိမ်နီးချင်းတွေရဲ့ နာမည်၊ အဲဒီမှာ သူနေခဲ့ရတဲ့ နေ့စဉ်ဘဝ အကြောင်း အသေးစိတ်တွေ ပြောပြတယ်။ ကားအတိုက်ခံရလို့ နှစ်ရက်ကြာတော့ သေရပုံကိုလဲ မျက်ရည်စက်လက်နဲ့ ပြောပြရှာတယ်။ သူပြောသမျှ အသေးစိတ်တွေကို စစ်ဆေးကြည့်တော့ အားလုံး မှန်နေကြောင်း တွေ့ရတယ်။ ဒီ ငါးနှစ်သမီးလေး ပြောပြတဲ့ နာမည်နှင့်ရွာလဲ စပိန်မှာ ရှိတယ်။ သူပြောတဲ့ နာမည်နဲ့ လမ်းထဲမှာလဲ သူပြောတဲ့ ပုံသဏ္ဌာန်နဲ့ အိမ် ရှိတယ်။ ပိုသေချာတာကတော့ အဲဒီအိမ်မှာ နေတဲ့ အသက် ၂၃ နှစ် ရှိတဲ့ အမျိုးသမီး တစ်ယောက် လွန်ခဲ့တဲ့ ငါးနှစ်က ကားတိုက်လို့ သေသွားတယ် ဆိုတာ သိရတယ်။ ဒီတော့

အင်္ဂလန်မှာနေတဲ့ ငါးနှစ်သမီးလေးက စပိန်ကို မရောက်ဖူးဘဲနဲ့ ဒါတွေအားလုံး အသေးစိတ် ဘယ်လိုလုပ် သိနိုင်ပါ့မလဲ။

တကယ်တော့ ဒီလို ဘဝကြောင်း ပြောနိုင်တာဟာ ဒီတစ်ခုတည်း မဟုတ်ပါဘူး။ **ဗာဂျီနီးယား တက္ကသိုလ်** စိတ်ပညာဌာနက **ပါမောက္ခ အီယန်စတီဗင်ဆင်က** သူရေးတဲ့ "တမလွန်ဘဝ ရှိကြောင်း ညွှန်ပြနေတဲ့ ဖြစ်ရပ်နှစ်ဆယ်" စာအုပ်နှင့် "တမလွန်ပုံစံ ဖြစ်ရပ်များ" ဆိုတဲ့ စာအုပ်တွေထဲမှာ ဒီလို ဖြစ်ရပ်ပေါင်း မြောက်မြားစွာကို ဖော်ပြထားပါတယ်။ သူဟာ အများရဲ့ ယုံကြည်လေးစားမှုကို ခံရတဲ့ သိပ္ပံပညာရှင်ပါ။ ဘဝကြောင်း ပြောနိုင်တဲ့ လူတွေရဲ့ အကြောင်းကို ၂၅ နှစ်လုံးလုံး သုလေ့လာခဲ့တဲ့ အချက်တွေဟာ ဗုဒ္ဓဘာသာဝင်တို့ရဲ့ တမလွန်ဘဝအယူအဆအတွက် အလွန် ခိုင်မာတဲ့ အထောက်အထားတွေ ဖြစ်ပါတယ်။

**မေး ။ ။ အတိတ်ဘဝတွေကို မှတ်မိတဲ့ စွမ်းရည်ကို နတ်ဆိုးရဲ့ အလုပ်လို့ တချို့က ပြောမယ်ဆို ပြောနိုင်ပါတယ်။**

ဖြေ ။ ။ အရာတိုင်းကို သင့်ယုံကြည်ချက်နှင့် မကိုက်တာနဲ့ နတ်ဆိုးရဲ့ အလုပ်ဆိုပြီး သင်မပယ်နိုင်ပါဘူး။

အယူအဆ တစ်ခုခုကို ထောက်ခံဖို့ တည်ငြိမ် ခိုင်မာတဲ့ အချက်အလက် မှန်တွေကို တင်ပြတဲ့အခါမှာ ဒီအယူအဆကို သင်ပယ်ချချင်ရင် ကြောင်းကျိုး ညီညွတ်ပြီး ယုတ္တိသဘာဝ ကျတဲ့ ဆင်ခြေကိုသာ သင် အသုံးပြုရပါမယ်။ ယုတ္တိ သဘာဝမတန်တဲ့ အစွဲအလမ်းဖြစ်တဲ့ နတ်ဆိုးနဲ့ ပတ်သက်တဲ့ စကားကို မပြောသင့်ပါဘူး။

**မေး ။ ။ နတ်ဆိုးအကြောင်း ပြောတာကို သင်က အစွဲအလမ်းလို့ ဆိုတယ်။ တမလွန်ဘဝအကြောင်း ပြောတာရော အစွဲအလမ်း မဟုတ်ဘူးလား။**

ဖြေ ။ ။ အဘိဓာန်က 'အစွဲအလမ်း'ကို ဒီလို အဓိပ္ပါယ် ဖွင့်ပါတယ်။ "ကြောင်းကျိုး သဘာဝနှင့် ဖြစ်ရပ် အမှန်ပေါ်မှာ အခြေမခံဘဲ မှော်အတတ်ပညာလို အယူအဆ ချင်း နှီးနွှယ် ဆက်သွယ်မှုပေါ်မှာ အခြေခံတဲ့ ယုံကြည်မှု"လို့ အဓိပ္ပါယ်ဖွင့်ပါတယ်။ သိပ္ပံပညာရှင် တစ်ယောက်ယောက် ရေးတဲ့ နတ်ဆိုးရှိကြောင်း သေသေချာချာ လေ့လာထားချက် ကို သင်ပြနိုင်ရင် နတ်ဆိုး ယုံကြည်မှုဟာ အစွဲအလမ်း မဟုတ်ဘူးလို့ ကျွန်ုပ် ဝန်ခံပါမယ်။

နတ်ဆိုးကို သုတေသနပြုတာ ကျွန်ုပ် တစ်ခါမှ မကြားဖူးဘူး။ သိပ္ပံပညာရှင်များက ဒါမျိုးတွေကို လေ့လာဖို့ ဒုက္ခမရှာကြပါဘူး။ ဒါကြောင့် နတ်ဆိုးရှိကြောင်း သက်သေ

အထောက်အထား မရှိဘူးလို့ ကျွန်ုပ် ပြောတာပါ။ သို့သော်လဲ ကျွန်ုပ်တို့ သိခဲ့ကြတဲ့အတိုင်းပဲ တမလွန်ဘဝရှိတာကို ညွှန်ပြပုံရတဲ့ သက်သေ အထောက်အထားကတော့ ရှိပါတယ်။ ဒီတော့ တမလွန်ဘဝယုံကြည်မှုဟာ အနည်းဆုံး ဖြစ်ရပ်အမှန်များပေါ်မှာ အခြေခံ ရင် အဲဒါအစွဲအလမ်း မဖြစ်နိုင်တော့ဘူးပေါ့။

**မေး ။ ။ ကောင်းပါပြီ၊ ဒါဖြင့်ရင် တမလွန်ဘဝကို ယုံကြည်တဲ့ သိပ္ပံပညာရှင်များကော ရှိဘူးပါသလား။**

ဖြေ ။ ။ ရှိပါတယ် ၁၉ ရာစုနှစ် ကျော်ငးစနစ်ကို တီထွင်ပြီး ဒါဝင်ရဲ့ သီအိုရီကို ပထမဆုံးကာကွယ်တဲ့ သိပ္ပံပညာရှင် **တောမတ်ဟတ်စ်လေးက** တမလွန်ဘဝ အယူအဆဟာ အလွန်ရှေးမှမ်းစရာ ကောင်းတဲ့ အယူအဆလို့ ဆိုပါတယ်။ သူ့ရဲ့ ကျော်ကြားတဲ့ စာအုပ်တစ်အုပ်မှာ * ဒီလို ရေးထား ပါတယ်။

> တမလွန်ဘဝ အယူအဆသည် ဗြဟ္မဏဝါဒ အတွေးအခေါ်၌ အခြေခံသည် ဖြစ်စေ၊ ဗုဒ္ဓဝါဒ အတွေးအခေါ်၌ အခြေခံသည်ဖြစ်စေ ယင်းအယူအဆ၌

---

* Evolution and Ethics and other Essays

စကြဝဠာနှင့် လူသား ဆက်သွယ်ပုံကို ချိုးမွမ်းဖွယ်ရာ ရှင်းပြထားခြင်းကို တွေ့ရသည်။ ဤ ရှင်းပြချက်၏ ချီးမွမ်းဖွယ် ကောင်းပုံမှာ တခြားအရာများ ချီးမွမ်းဖွယ် ကောင်းပုံထက် မလျော့နည်းပေ။ ယင်း အယူအဆကို ရေးကြီးသုတ်ပြာ စဉ်းစားတတ်သူများ သာလျှင် မွေးရာပါ စွဲယူထားသည့် မဖြစ်နိုင်ပါဘူး ဟူသော အကြောင်းပြချက်ဖြင့် ငြင်းပယ်ကောင်း ငြင်းပယ်ပေလိမ့်မည်။ ထိုသူများမှတပါး တခြား မည်သူကမျှ ငြင်းပယ်မည် မဟုတ်ပေ။ ဤ တမလွန်ဘဝ အယူအဆသည် ဆင့်ကဲ တိုးတက် ဖြစ်ပေါ်ခြင်း သဘောတရား ကဲ့သို့ပင် အမှန်တကယ် ရှိသော လောက၌ အခြေခံထားခြင်း ဖြစ်သည်။

ပြီးတော့ အိုင်စတိုင်းရဲ့ မိတ်ဆွေဖြစ်ပြီး ထင်ရှားကျော်ကြားတဲ့ ဆွီဒင်နိုင်ငံသား နက္ခတ္တဗေဒနှင့် ရူပဗေဒ ပညာရှင် **ဂုစ်တပ်စထရွမ်းဘတ်** (Gustaf Stromberg) ကလဲ တမလွန်ဘဝ အယူအဆကို သဘောကျပါတယ်။ သူ့ အယူအဆက –

"လူ၏ အသက်ဝိညာဉ်သည် ကမ္ဘာပေါ်၌ ပြန်ပြီး လူဖြစ်မဖြစ်နှင့် ပတ်သက်လို့ အယူအဆတွေ ကွဲပြားကြသည်။ ၁၉၃၆ ခုနှစ်၌ အိန္ဒိယ အစိုးရ အာဏာပိုင်များက အလွန် စိတ်ဝင်စားစရာကောင်းသော

ဖြစ်ရပ်တစ်ခုကို သေသေချာချာ စုံစမ်းစစ်ဆေးပြီး အစီရင် ခံခဲ့ကြသည်။ ဒေလီမြို့မှ ရှန္တိဒေဝီ အမည်ရှိသော မိန်းကလေး တစ်ယောက်သည် (ဒေလီမြို့နှင့် မိုင် ၅၀၀ ဝေးသော ပုတ္တရရွာ၌) သူ၏ အတိတ်ဘဝ အကြောင်းကို မှန်ကန်စွာ ပြောပြနိုင်သည်။ အတိတ်ဘဝ၌ ကွယ်လွန်ပြီး တစ်နှစ်အကြာတွင် ယခုဘဝ၌ မွေးဖွားသည်ဟု သိရသည်။ သူ့ခင်ပွန်း၏နာမည်၊ သူ့ကလေး၏ နာမည်တို့ကို ပြောပြသည်။ သူ့အိမ်ပုံသဏ္ဍာန်ကိုလဲ ပြောပြသည်။ သူ့ဘဝ အကြောင်းကိုလည်း ပြောပြသည်။ စုံစမ်းရေးကော်မရှင်က သူ့ကို သူ၏ အတိတ်ဘဝက ဆွေမျိုးများထံ ခေါ်သွားသည်။ ဆွေမျိုးများက ရှန္တိဒေဝီ ပြောပြချက်များ အားလုံး မှန်ကန်ကြောင်း ထောက်ခံကြသည်။

"အိန္ဒိယလူမျိုးများ အကြားတွင် တမလွန်ဘဝ ဆိုသည်မှာ ရိုးနေသော အရာဖြစ်သည်။ ဤ ဖြစ်ရပ်၌ သူတို့ကို အံ့သြစေသော အချက်မှာ မိန်းကလေးက များပြားလှသော အကြောင်းအရာများကို မှတ်မိနေခြင်းပင်။ ဤ ဖြစ်ရပ်နှင့် အခြား အလားတူ ဖြစ်ရပ်များကို 'မှတ်ဉာဏ်ကို ဖျက်ဆီး၍ မရ' ဟူသော သဘောတရားအတွက် နောက်ထပ်

> တိုးလာသော အထောက်အထားအဖြစ် မှတ်ယူနိုင်သည်။"

ကုလသမဂ္ဂ ယူနက်စ်ကို အဖွဲ့ရဲ့ ဦးဆောင်ညွှန်ကြားရေးမှူး ဖြစ်တဲ့ ထင်ရှား ကျော်ကြားတဲ့ ဗြိတိသျှသိပ္ပံပညာရှင် **ဂျူလီယန်ဟတ်စ်လေးက** တမလွန်ဘဝအယူအဆဟာ သိပ္ပံနည်းကျ တွေးခေါ်စဉ်းစားမှုနှင့် လုံးဝကိုက်ညီတယ်လို့ ယုံကြည်ပါတယ်။ သူ့အယူအဆက–

> "လူသေသောအခါ အမြဲရှင်နေသော အသက်ဝိညာဉ် သည် တနည်းနည်းဖြင့် ထွက်ခွါသွားသည် ဆိုသော အချက်ကို ဆန့်ကျင်သောအရာ ဘာမျှမရှိပေ။ တိကျသော ကြိုးမဲ့ကြေးနန်း သတင်းတစ်ခုကို တနည်းနည်းဖြင့် အလုပ်လုပ်နေသော စက်ကပို့လွှတ်လိုက်သကဲ့သို့ပင် ဖြစ်သည်။ သို့သော်လည်း ကြိုးမဲ့ကြေးနန်း သတင်းသည် အသစ်ဖြစ်သော ရုပ်ပစ္စည်းဖြစ်သည့် အသံဖမ်းစက်နှင့် ဆက်သွယ်မိသောအခါ သတင်းတစ်ခုသာလျှင် ပြန်၍ဖြစ်ကြောင်း မှတ်သားရမည်။ ဖြစ်နိုင်သော သဘောရှိသည့် ဝိညာဉ်ထွက်ခွါသွားခြင်းကို ဤ နည်းအတိုင်း မှတ်ယူသင့်သည်။ ဝိညာဉ်သည် ခန္ဓာကိုယ်ထဲ၌ တနည်းနည်းဖြင့် ပြန်မဖြစ်လျှင် ၎င်းသည် မည်သည့်အခါမျှ စဉ်းစား ကြံတွေးတတ်မည်

မဟုတ်ပေ။ မည်သည့်အခါမျှ ခံစားတတ်မည် မဟုတ်ပေ။

"ခန္ဓာကိုယ်မရှိဘဲ မှန်ကန်သော အဓိပ္ပါယ်ဖြင့် ပုဂ္ဂိုလ် တစ်ဦးအဖြစ် ဘဝ ဆက်လက်ဖြစ်ခြင်းကို စဉ်းစားလို့ပင် မဖြစ်နိုင်ပေ။ အကြောင်းမှာ ပုဂ္ဂိုလ် အရည်အသွေးသည် ခန္ဓာကိုယ်၌ အခြေတည် သောကြောင့် ဖြစ်သည်။ ကြိုးမဲ့ကြေးနန်း တစ်ခုသည် အသံလွှင့်စက်နှင့် ဆက်သွယ် နေသကဲ့သို့ လူများနှင့် အလားတူ ဆက်သွယ်မှုရှိသော (ခန္ဓာကိုယ်မှ) ထွက်ခွါသွားသည့် တစ်စုံတရာကို ကျွန်ုပ် စဉ်းစား ကြည့်နိုင်သည်။ သေခြင်းဆိုသည်မှာ ကျွန်ုပ် သိမြင်နိုင်သလောက် ပြောရလျှင် စကြဝဠာ အတွင်း၌ လှည့်လည် သွားလာနေသော အမျိုးမျိုးသော သဘာဝတို့၏ ဖောက်ပြန်ခြင်း သာလျှင် ဖြစ်ပေသည်။ ထို အမျိုးမျိုးသော သဘာဝတို့သည် စိတ်ကို လက်ခံယူမည့် ကြိယာတစ်ခု အဖြစ်ဖြင့် အလုပ် လုပ်နိုင်သည့် တစ်စုံတရာနှင့် ဆက်သွယ်မိခြင်း အားဖြင့် အသိစိတ် အဖြစ်သို့ ပြန်လည် မရောက်သေးမီ စကြဝဠာအတွင်း၌ လှည့်လည်နေခြင်းဖြစ်သည်။"*

---

* ဤ သိပ္ပံပညာရှင်သည် တမလွန်ဘဝကို ယုံကြည်သော်လည်း သူယူဆပုံမှာ ဗုဒ္ဓဝါဒနှင့် ဆန့်ကျင်ပါသည်။ ဗုဒ္ဓဝါဒက တည်မြဲလျက်

အမေရိကန် စက်မှု ပညာရှင် ဟင်နရီဖို့လို အလွန် လက်တွေ့ကျတဲ့ မြေကြီးဆန်တဲ့ ပုဂ္ဂိုလ်သည်ပင် တမလွန် အယူအဆကို လက်ခံနိုင်ကြောင်း တွေ့ရသည်။ တမလွန် အယူအဆက ထာဝရဘုရားဝါဒ, ရုပ်ဝါဒတို့နှင့် မတူဘဲ တိုးတက်အောင်လုပ်ဖို့ ဒုတိယ အခွင့်အရေးကို ပေးတဲ့အတွက် ဖို့ဟာ တမလွန်ဘဝ အယူအဆကို သဘောကျခြင်းပါပဲ။ ဟင်နရီဖို့က ဒီလိုပြောပါတယ်။

"ကျွန်ုပ် အသက် ၂၀ အရွယ်မှာ တမလွန် ဘဝ အယူအဆကို လက်ခံ ကျင့်သုံးပါတယ်။ ဒီအချက်နှင့် ပတ်သက်လို့ ခရစ်ယာန် ဘာသာတရားက ဘာမျှ မဖော်ပြပါဘူး။ အလုပ်ကတောင်မှ ကျွန်ုပ်ကို လုံးဝ ကျေနပ်မှုကို မပေးနိုင်ပါဘူး။ ဘဝတစ်ခုမှာ ကျွန်ုပ်တို့ စုဆောင်းထားတဲ့ အတွေ့အကြုံကို နောက်ဘဝ တစ်ခုမှာ အသုံးမပြုနိုင်ရင် အလုပ်ဟာ အကျိုးမရှိ ပါဘူး။

---

အမြဲ အသက်ရှင်နေသော ဝိညာဉ်, အတ္တ အယူအဆကို လက်မခံပါ။ ရှေ့ဘဝက သေစိတ် ချုပ်ပြီးနောက် တစ်စက္ကန့်ပင် အချိန်မခြားဘဲ နောက်ဘဝမှာ အစဆုံးစိတ် (ပဋိသန္ဓေစိတ်) ဖြစ်သည်ဟု ယူဆပါသည်။ အဖြေရှင် ဘုန်းကြီးသည် ဤ သိပ္ပံပညာရှင်၏ တမလွန်ဘဝ ယုံကြည်မှုကိုသာ ကိုးကားလိုဟန် တူပါသည်။ သူ၏ ယူဆပုံကို သဘောတူ၍ ကိုးကားခြင်းကား ဟုတ်ဟန်မတူပါ။

"ကျွန်ုပ် တမလွန်ဘဝ အယူအဆကို တွေ့သိလိုက်ရတဲ့ အခါမှာ စကြဝဠာ တစ်ခုလုံးနှင့်ဆိုင်တဲ့ စီမံကိန်းကြီးကို တွေ့လိုက်ရသလိုပါပဲ။ ကျွန်ုပ်ရဲ့ အတွေးအခေါ်တွေကို အကောင်အထည်ဖော်ဖို့ အချိန်တွေ ရှိသေးတယ်လို့ ကျွန်ုပ်သိမြင် လာတယ်။ အချိန် ကန့်သတ်ချက်ဆိုတာ မရှိတော့ဘူး။ ကျွန်ုပ်ဟာ နာရီလက်တံရဲ့ ကျေးကျွန် မဟုတ်တော့ဘူး။ ပင်ထွက်ဉာဏ် ထက်တယ်ဆိုတာ အတွေ့အကြုံပါပဲ။ တချို့က ဒီပင်ထွက်ဉာဏ် ထက်တာကို ပါရမီလို့ ဖြစ်စေ၊ ဗီဇလို့ဖြစ်စေ ထင်ကြပုံရတယ်။ အမှန်တော့ ဒါဟာ ဘဝပေါင်း များစွာမှာ စုဆောင်းလာတဲ့ ရှည်လျား များပြားလှတဲ့ အတွေ့အကြုံတွေကြောင့် ရတဲ့ အကျိုးတရားပါ။ တစ်ချို့က တခြား လူတွေထက် ပိုအသက်ကြီးတော့ ပိုပြီး သိနားလည် ကြတယ်။

"တမလွန်ဘဝ အယူအဆကို တွေ့လိုက်ရခြင်းက ကျွန်ုပ်ရဲ့စိတ်ကို သက်သာရာ ရစေပါတယ်။ သင်ဟာ အခု စကားပြောကြတာကို မှတ်တမ်းတင်ချင်ရင် လူတွေ စိတ်သက်သာရာရအောင် တင်ထားပါ။ ဘဝကို အရှည် မြင်ရခြင်းက (ဘဝပေါင်းများစွာကို သိမြင်ရခြင်း) ကျွန်ုပ်တို့အား ပေးတဲ့ ငြိမ်းချမ်းမှုကို တခြားလူတွေကိုလဲ ကျွန်ုပ် ခွဲဝေ ပေးချင်ပါတယ်။"

ဒီတော့ ဗုဒ္ဓဘာသာက သင်ကြားပေးတဲ့ တမလွန်ဘဝ အယူအဆကို ထောက်ခံဖို့ သိပ္ပံနည်းကျ အထောက်အထားတွေ ရှိကိုရှိပါတယ်။ ဒီတမလွန်ဘဝ အယူအဆဟာ ယုတ္တိဗေဒ နည်းအရ ကြောင်းကျိုး ညီညွတ်လှပါတယ်။ ထာဝရဝါဒနှင့် ရုပ်ဝါဒက မဖြေနိုင်တဲ့ မေးခွန်းတွေကို ဖြေကြားရတာ ရှည်လျားလှပါတယ်။ သို့သော်လဲ စိတ်ကိုတော့ အလွန် သက်သာရာ ရစေပါတယ်။ ဒီဘဝမှာ သင် ပြုလုပ်မိတဲ့ အမှုတွေကို ပြန်ပြင်ဖို့ ဒုတိယ အခွင့်အရေး မရတဲ့၊ အခွင့်ကောင်းမရှိတဲ့၊ ဒီဘဝမှာ စုဆောင်းထားတဲ့ စွမ်းရည်နှင့် ကျွမ်းကျင်မှုတွေကို တိုးတက်အောင် ပြုလုပ်ဖို့ အချိန်မရှိတဲ့ ဘဝသဘောတရားထက် ပိုဆိုးတာ ဘာရှိနိုင်ဦးမလဲ။

မြတ်စွာဘုရား ဟောကြားတော်မူချက် အရဆိုရင် သင် ဒီဘဝမှာ နိဗ္ဗာန် မရသေးရင် နောက်ဘဝမှာ ထပ်မံကြိုးစားဖို့ အခွင့်ကောင်း ရပါလိမ့်မယ်။ သင် ဒီဘဝမှာ အမှား လုပ်မိရင် နောက်ဘဝမှာ သင် ပြန်ပြင်နိုင်ပါလိမ့်မယ်။ သင်ဟာ သင့်ရဲ့ အမှားတွေထဲက ပညာရမှာ အမှန်ပါ။ သင် ဒီဘဝမှာ မရနိုင်တဲ့ အရာတွေကို နောက်ဘဝမှာ ရနိုင်လာမှာပါ။ အလွန် အံ့သြစရာကောင်းတဲ့ သင်ကြားချက်ပါပဲ။

# ၆။ ကရုဏာနှင့် ပညာ

မေး ။ ။ ကရုဏာနှင့် ပညာအကြောင်းကို ဗုဒ္ဓဘာသာဝင်တွေ ပြောကြတာ မကြာခဏ ကြားရပါတယ်။ ဒီ စကားလုံးတွေက ဘာ အဓိပ္ပါယ် ရှိပါသလဲ။

ဖြေ ။ ။ တချို့ဘာသာ တရားတွေက (အဓိပ္ပါယ် အလွန် နီးစပ်တဲ့ နှစ်ခုဖြစ်တဲ့) ကရုဏာ၊ သို့မဟုတ် မေတ္တာဟာ အရေးအကြီးဆုံး ဘာသာရေးဆိုင်ရာ အရည် အသွေး ဖြစ်ကြောင်း ယုံကြည်ကြပါတယ်။ သို့သော်လဲ သူတို့ဟာ အသိပညာ တိုးပွါးအောင် မလုပ်ကြပါဘူး။ အဲဒါကြောင့် ရတဲ့ အကျိုးကတော့ အလွန် စိတ်သဘောထား ပြည့်ဝတဲ့ လူအ၊ အသိပညာ မရှိတဲ့ သနားကြင်နာတတ်သူ အဖြစ် အဆုံးသတ်ခြင်းဆိုတဲ့ အကျိုးပါပဲ။

သိပ္ပံပညာလို တခြား တွေးခေါ်ရေး စနစ်တွေ ကျတော့လဲ အသိပညာကို အကောင်းဆုံး တိုးပွားအောင် ကြိုးစားရမယ်၊ ကရုဏာ အပါအဝင် စိတ်လှုပ်ရှား ခံစားမှု အားလုံးကိုတော့ ဘေးဖယ်ထားရမယ်လို့ ယုံကြည်ကြ

ပါတယ်။ ဒီတော့ သိပ္ပံပညာဟာ သို့မဟုတ် သိပ္ပံပညာရှင်များဟာ (သိပ္ပံပညာမှ ရရှိမည့်) ရလဒ်ကိုသာ အာရုံစိုက်စိတ်စောနေကြတယ်ဆိုတဲ့ အကျိုးနှင့် သိပ္ပံပညာဟာ လူသားကို အလုပ်အကျွေး ပြုဖို့သာ ဖြစ်တယ်၊ ချုပ်ကိုင်ဖို့ လွှမ်းမိုးဖို့ မဟုတ်ဘူး ဆိုတာကို မေ့ထားတဲ့ အကျိုးများ ဖြစ်ပေါ်လာပါတယ်။ ဘာကြောင့်လဲဆိုတော့ သိပ္ပံပညာရှင်များဟာ အနုမြူဗုံး ပြုလုပ်ခြင်း၊ ရောဂါပိုးမွှား တိုက်ဖျက်ခြင်းနှင့် အလားတူ လုပ်ငန်းများကို တိုးတက်အောင် ပြုလုပ်ဖို့ သူတို့၏ ကျွမ်းကျင်မှု ပညာများကို အသုံးချခဲ့ကြလို့ပါပဲ။

တချို့ဘာသာတရားတွေက ကြောင်းကျိုး ဆင်ခြင်တုံတရားနှင့် အသိပညာကို ချစ်ခင်မှုနှင့် ယုံကြည်မှု ကဲ့သို့သော စိတ်လှုပ်ရှား ခံစားမှုရဲ့ ရန်သူအဖြစ် အမြဲတမ်း မြင်ကြတယ်။ သိပ္ပံပညာက ချစ်ခင်မှုနှင့် ယုံကြည်မှု ကဲ့သို့သော စိတ်လှုပ်ရှား ခံစားမှုများကို ကြောင်းကျိုး ဆင်ခြင်တုံပညာနှင့် လက်တွေ့ကျခြင်းရဲ့ ရန်သူများအဖြစ် အမြဲတမ်း မြင်ကြတယ်။

ဗုဒ္ဓဘာသာကတော့ (ကရုဏာနှင့် ပညာ) ချိန်ညှိပြီး ပြည့်စုံတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ဖို့ သင်ကြားပေးတဲ့ အတွက် သင်ဟာ ကရုဏာနှင့်ပညာ တိုးပွားအောင် ကြိုးစားရပါမယ်။ ပြီးတော့ ဗုဒ္ဓဘာသာဟာ တယူသန်ဝါဒ မဟုတ်ဘဲ အတွေ့အကြုံပေါ်မှာ အခြေခံတာဖြစ်လို့ သိပ္ပံပညာကိုလဲ ကြောက်စရာ မရှိပါဘူး။

မေး ။ ။ ဒါဖြင့် ဗုဒ္ဓတရားတော်အရ ပညာဆိုတာ ဘာပါလဲ။

ဖြေ ။ ။ အမြင့်ဆုံး ပညာက သဘာဝတရား အားလုံးဟာ ပရမတ္ထ သဘောအားဖြင့် မမြဲဘူး၊ မပြည့်စုံဘူး၊ အတ္တ မဟုတ်ဘူးလို့ မြင်ပါတယ်။ ဒီအသိအမြင် ပညာဟာ လုံးဝ လွတ်လပ်ပြီးတော့ နိဗ္ဗာန်လို့ခေါ်တဲ့ ကြီးမြတ်တဲ့ လုံခြုံမှုနှင့် ချမ်းသာမှုကို ရစေပါတယ်။ သို့သော်လဲ ဗုဒ္ဓမြတ်စွာက ဒီပညာအဆင့်ကို အလွန် များများကြီး မမိန့်ကြားပါဘူး။

တစ်စုံတစ်ယောက်က ပြောတာကို မဆင်ခြင် မစဉ်းစားဘဲ ယုံကြည်ရင် စစ်မှန်တဲ့ ပညာ မဟုတ်ပါဘူး။ စစ်မှန်တဲ့ ပညာက ကျွန်ုပ်တို့ကိုယ်တိုင် တိုက်ရိုက်သိမြင်တဲ့ ပညာပါ။ ဒီပညာအဆင့် ရဖို့ရာ အသိစိတ်ဓာတ်ကို ပိတ်မထားရပါဘူး၊ ဖွင့်ထားရပါတယ်။ တခြားသူများရဲ့ အမြင်ကို တယူသန်စိတ်ထားနှင့် ဖယ်မထားရပါဘူး၊ ဂရုစိုက် နားထောင်ရပါတယ်။ ကျွန်ုပ်တို့ အယူအဆနဲ့ ဆန့်ကျင်တဲ့ အချက်တွေကို မစဉ်းစားဘဲ မနေရပါဘူး၊ သေသေချာချာ စစ်ဆေး ရပါတယ်။ မစဉ်းစားဘဲ စိတ်အထင်မျှနဲ့ တဘက်သတ် မဆုံးဖြတ် ရပါဘူး၊ လက်တွေ့ကျကျ ဆင်ခြင် စဉ်းစားရပါတယ်။

ကျွန်ုပ်တို့ထံ ကမ်းလှမ်းလာတဲ့ စိတ်လှုပ်ရှား ခံစားမှုနဲ့ ပတ်သက်တဲ့ အရာများကို မစဉ်းစားဘဲ လက်မခံရပါဘူး၊ အချိန်ယူ စဉ်းစားပြီးမှ ယုံကြည်ရပါတယ်။ ကျွန်ုပ်တို့ ယုံကြည်မှုနဲ့ ဆန့်ကျင်တဲ့ အချက်အလက်မှန်များကို တင်ပြလာတဲ့အခါမှာ ကျွန်ုပ်တို့ရဲ့ ယုံကြည်မှု ပြောင်းလဲဖို့ အဆင်သင့် ဖြစ်ရပါတယ်။ ဒီအချက်များအတိုင်း လိုက်နာလုပ်ဆောင်သူဟာ ပညာနှင့် ပြည့်စုံသူဖြစ်တာ သေချာပါတယ်။ နောက်ဆုံးမှာ ပညာစစ် ပညာမှန်ကိုရဖို့ သေချာပါတယ်။

ပြောတဲ့အတိုင်း လက်ခံယုံကြည်တဲ့လမ်းက လွယ်ကူလှပါတယ်။ ဗုဒ္ဓဘာသာ လမ်းစဉ်ကတော့ သတ္တိရှိမှု၊ သည်းခံနိုင်မှု၊ အပျော့အတိုးရမှုနှင့် အသိဉာဏ်ကို လိုအပ်ပါတယ်။

**မေး ။ ။ မဆိုစလောက်တဲ့ လူနည်းစုသာ ဒီအတိုင်း လုပ်နိုင်မှာပါ။ ဒီတော့ အနည်းငယ်မျှသာ ဒါကို လက်တွေ့ လုပ်နိုင်တယ် ဆိုရင် ဗုဒ္ဓဘာသာအနေနဲ့ ဘယ်လိုလဲ။**

ဖြေ ။ ။ လူတိုင်း ဗုဒ္ဓဘာသာအတွက် အဆင်သင့် မဖြစ်သေးဘူးဆိုတာ မှန်ပါတယ်။ သို့သော်လဲ မှားယွင်းပြီး လူတိုင်း လိုက်နာ ကျင့်သုံးနိုင်လောက်အောင် လွယ်လွယ်ကူကူ နားလည်နိုင်တဲ့ ဘာသာတရားကို သင်ကြား

ပေးသင့်တယ်ဆိုရင် ဒါဟာ ရယ်စရာ ဖြစ်နေမှာပဲ။ ဗုဒ္ဓဘာသာဟာ အမှန်တရားကို ဦးတည်ပါတယ်။ သို့သော်လဲ လူတိုင်းဟာ ဗုဒ္ဓဘာသာ တရားကို နားလည်နိုင်ဖို့ စွမ်းရည် မရှိသေးရင် သူတို့ဟာ နောက်ဘဝမှာ နားလည်ဖို့ အဆင်သင့် ဖြစ်ပါလိမ့်မယ်။ သို့သော်လဲ နားလည်မှု တိုးပွါးအောင် ကြိုးစားနိုင်သူတွေ ရှိကြပါသေးတယ်။ ဒါ့ကြောင့် ဗုဒ္ဓဘာသာဝင်များက ဗုဒ္ဓဘာသာ အသိအမြင် များကို တခြား ပုဂ္ဂိုလ်များအား ခွဲဝေပေးဖို့ရန် သိမ်မွေ့ တိတ်ဆိတ်စွာ ကြိုးစားနေကြတာပါ။ ဗုဒ္ဓမြတ်စွာဟာ ကျွန်ုပ်တို့ကို မဟာ ကရုဏာ တရားနှင့် ဟောကြား ဆုံးမတော်မူပါတယ်။ ကျွန်ုပ်တို့ကလဲ အခြားသူများကို ကရုဏာတရားနှင့် သင်ကြားပေးနေကြပါတယ်။

**မေး ။ ။ ဒီလိုဆိုတော့ ကျွန်ုပ်တို့ ကရုဏာအလှည့် ရောက်လာပြီ။ ဗုဒ္ဓဘာသာ တရားအရ ကရုဏာဆိုတာ ဘာပါလဲ။**

ဖြေ ။ ။ ပညာက ကျွန်ုပ်တို့ရဲ့ ဉာဏ်ပညာနှင့်ဆိုင်တဲ့ အပိုင်း သို့မဟုတ် အလုံးစုံ ခြုံငုံသိမြင်ခြင်းနှင့် ဆိုင်တဲ့အပိုင်း ကို လွှမ်းခြုံမိသလို ကရုဏာကလဲ ကျွန်ုပ်တို့ရဲ့ စိတ်လှုပ်ရှား ခံစားမှုဆိုင်ရာ အပိုင်းကို လွှမ်းခြုံမိပါတယ်။ ပညာလိုပဲ ကရုဏာဟာလဲ လူသားရဲ့ အတုမဲ့ အရည်အသွေးပါ။

Compassion = ကရုဏာဟာ "အတူတကွ" လို့ အဓိပ္ပါယ်ရှိတဲ့ 'Co' ဆိုတဲ့ စကားလုံးနဲ့ "ပြင်းထန်စွာ ခံစားခြင်း" လို့ အဓိပ္ပါယ်ရတဲ့ 'Passion' ဆိုကဲ့ စကားလုံး နှစ်လုံးကို တွဲစပ်ထားတာပါ။ ဒါကြောင့် "အတူတကွ ပြင်းထန်စွာ ခံစားခြင်း" ဟာ Compassion (ကရုဏာ)ရဲ့ အဓိပ္ပာယ်ပါ။ ကျွန်ုပ်တို့ဟာ တစ်စုံတစ်ယောက် ဒုက္ခ ရောက်နေတာတွေ့ရင် ကျွန်ုပ်တို့ကိုယ်တိုင် ဒုက္ခရောက်နေ သလို ခံစားရပါတယ်။ အဲဒီအခါမှာ ကျွန်ုပ်တို့ဟာ သူတို့ရဲ့ ဒုက္ခကို ဖယ်ရှားပေးဖို့၊ သို့မဟုတ် သက်သာအောင် လုပ်ပေးဖို့ ကြိုးစားကြပါတယ်။ ဒါဟာ ကရုဏာပါပဲ။ ဒါကြောင့် ဆင်းရဲဒုက္ခကို ခွဲဝေခံစားခြင်း၊ သက်သာအောင် လုပ်ပေးဖို့ အဆင်သင့် ဖြစ်ခြင်း၊ ကိုယ်ချင်းစာခြင်း၊ ကြောင့်ကြခြင်း၊ ဂရုစိုက်ခြင်းကဲ့သို့သော လူသားမှာရှိတဲ့ ဗုဒ္ဓနှင့်တူတဲ့ အရည်အသွေး အားလုံးဟာ ကရုဏာရဲ့ သဘော လက္ခဏာတွေပါပဲ။

ကရုဏာရှင် ပုဂ္ဂိုလ်မှာရှိတဲ့ သူတစ်ပါးကို ဂရုစိုက်ခြင်း၊ ချစ်ခင်ခြင်းများဟာ မိမိကိုယ်ကို ဂရုစိုက်ခြင်း၊ ချစ်ခင်ခြင်းမှာ အခြေခံကြောင်း သင် သတိပြုမိပါလိမ့်မယ်။ ကျွန်ုပ်တို့ဟာ ကျွန်ုပ်တို့ကိုယ်ကို တကယ်နားလည်ရင် သူတစ်ပါးကိုလဲ တကယ် နားလည်ပါလိမ့်မယ်။ ကျွန်ုပ်တို့ ဟာ ကျွန်ုပ်တို့အတွက် ဘာဟာ အကောင်းဆုံးဆိုတာကို

နားလည်ရင် သူတစ်ပါးအတွက်လဲ ဘာဟာ အကောင်းဆုံး ဖြစ်တယ် ဆိုတာ နားလည်ပါလိမ့်မယ်။ ကျွန်ုပ်တို့ဟာ ကျွန်ုပ်တို့ အတွက် ခံစားတတ်တဲ့အခါမှာ သူတစ်ပါး အတွက်လဲ ခံစားနိုင်ပါလိမ့်မယ်။ ဒါကြောင့် ဗုဒ္ဓဘာသာမှာ မိမိအတွက် စိတ်ဓာတ်ရေးရာ တိုးတက်မှုဟာ တစ်ခြား ပုဂ္ဂိုလ်များရဲ့ ကောင်းကျိုး ချမ်းသာအတွက် ကြောင့်ကြပြုမှု အဖြစ်သို့ အလွန် သဘာဝကျစွာ တိုးတက် ပွင့်လင်း လာပါတယ်။ ဒီအချက်ကို ဗုဒ္ဓမြတ်စွာရဲ့ ဘဝက ကောင်းကောင်းကြီး နမူနာ ပြပါတယ်။ ဗုဒ္ဓမြတ်စွာဟာ ကိုယ်တော်မြတ်ရဲ့ ကောင်းကျိုးချမ်းသာအတွက် ခြောက်နှစ် ပတ်လုံး ကြိုးစားခဲ့ ပါတယ်။ နောက်ခါကျမှ တလောကလုံး အတွက် အကျိုးများအောင် ဆောင်ရွက် နိုင်ခဲ့ပါတယ်။

**မေး ။ ။ ဒီတော့ သင်က ကိုယ့်ကိုယ်ကို ကူညီပြီးရင် သူတစ်ပါးကိုလဲ အကောင်းဆုံး ကူညီနိုင်တယ်လို့ ဆိုပါတယ်။ အဲဒါ တဆိတ် တကိုယ်ကောင်း မဆန် ပေဘူးလား။**

**ဖြေ** ။ ။ ကျွန်ုပ်တို့ဟာ သူတစ်ပါးရဲ့အရင် မိမိအတွက် ကြောင့်ကြစိုက်မှုကို တစ်ကိုယ်ကောင်း ဆန်တယ်လို့ မြင်လေ့ရှိကြပြီး မိမိရဲ့အရင် သူတစ်ပါးကို

ကြောင့်ကြစိုက်မှု ကိုတော့ တစ်ကိုယ်ကောင်း ဆန်ခြင်းရဲ့ ဆန့်ကျင်ဘက်လို့ မြင်လေ့ ရှိကြတယ်။

ဗုဒ္ဓဘာသာကတော့ နှစ်မျိုးလုံးကို အဲဒီလို မမြင်ပါဘူး။ အဲဒီနှစ်မျိုးကို ပေါင်းစပ်ပြီးတော့ မြင်ပါတယ်။ ကိုယ့်ကိုယ်ကို တကယ် ကြောင့်ကြစိုက်မှုဟာ မိမိနှင့် သူတစ်ပါး တစ်သားတည်း မြင်လာတဲ့ အခါမှာ သူတစ်ပါးအတွက် ကြောင့်ကြစိုက်မှု အဖြစ်သို့ တိုးတက် ရင့်ကျက်သွားပါတယ်။ ဒါဟာ စစ်မှန်တဲ့ ကရုဏာ တရားပါပဲ။

ကရုဏာဟာ ဗုဒ္ဓမြတ်စွာရဲ့ တရားတော် တည်းဟူသော သရဖူမှာ အလှအပဆုံး ရတနာ ဖြစ်ပါတယ်။

## ၇။ သက်သတ်လွတ်ဝါဒ

**မေး ။ ။ ဗုဒ္ဓဘာသာဝင်တွေဟာ သက်သတ်လွတ် သမားတွေ ဖြစ်သင့်တယ် မဟုတ်လား။**

ဖြေ ။ ။အဲဒီလိုဖြစ်ဖို့ မလိုအပ်ပါဘူး။ ဗုဒ္ဓမြတ်စွာဟာ သက်သတ်လွတ်သမား မဟုတ်ပါဘူး။သူ့ရဲ့ တပည့်များကိုလဲ သက်သတ်လွတ်စားဖို့ မမိန့်ကြား ပါဘူး။ ဒီခေတ်မှာတောင်မှ သက်သတ်လွတ်သမား မဟုတ်ဘဲ စိတ်ကောင်းနှလုံးကောင်းရှိတဲ့ ဗုဒ္ဓဘာသာဝင်တွေ အများကြီးပါပဲ။

**မေး ။ ။ ဒါပေမဲ့ သင် အသားစားရင် သတ္တဝါတစ်ခု တစ်ဦး သေတဲ့အတွက် သင့်မှာ သွယ်ဝိုက်သောအားဖြင့် တာဝန်ရှိပါတယ်။ အဲဒါဟာ ငါးပါးသီလထဲက ပထမ သိက္ခာပုဒ်ကို ချိုးတာ မဟုတ်ဘူးလား။**

ဖြေ ။ ။ မှန်ပါတယ်၊ တစ်စိတ် တစ်ဒေသအားဖြင့် သွယ်ဝိုက်ပြီးတာဝန်ရှိပါတယ်။ သို့သော်လဲ သင် ဟင်းသီးဟင်းရွက် စားတဲ့အခါလဲ အတူတူပါပဲ။ လယ်ယာဦးကြီးက

ဟင်းသီးဟင်းရွက်တွေ ပိုးပေါက်မပါဘဲ သင့် ထမင်းစားပွဲပေါ် ရောက်အောင် ဟင်းသီးဟင်းရွက် ပင်တွေကို ပိုးသတ်ဆေးတွေ အဆိပ်တွေ ဖျန်းပေးရပါတယ်။ ပြီးတော့ သင့် သားရေခါးပတ်အတွက်၊ လက်ဆွဲအိပ်အတွက်၊ သင်သုံးတဲ့ ဆပ်ပြာချက်ဖို့ အမဲဆီ၊ ပြီးတော့ တခြား တိရိစ္ဆာန်အသား၊ တိရိစ္ဆာန် သားရေနဲ့ လုပ်ထားတဲ့ ပစ္စည်းတွေ၊ ဒါတွေအတွက် တိရိစ္ဆာန်တွေကို သတ်ရပါတယ်။ တခြား သတ္တဝါ သေတဲ့အတွက် တစ်နည်းနည်းနဲ့ သွယ်ဝိုက်ပြီး တာဝန် မရှိအောင် အသက်ရှင်နေဖို့ မဖြစ်နိုင်ပါဘူး။ ဒါဟာ ဒုက္ခသစ္စာရဲ့ ပုံစံ တစ်ခုပါပဲ။ သူလိုကိုယ်လို သာမန် အသက်ရှင်နေတာဟာ ဆင်းရဲပါတယ်။ ကျေနပ်ဖွယ် မရှိပါဘူး။ သင် ပါဏာတိပါတ သိက္ခာပုဒ်ဆောက်တည်တဲ့ အခါမှာ သတ္တဝါရဲ့ အသက်ကို သတ်ခြင်းအတွက် တိုက်ရိုက် တာဝန် မရှိအောင် ကြိုးစားရှောင်ကြဉ်ရပါတယ်။

**မေး ။ ။ မဟာယာန ဗုဒ္ဓဘာသာဝင်တွေဟာ အသား မစားကြဘူး မဟုတ်လား။**

**ဖြေ** ။ ။ အဲဒါ မမှန်ပါဘူး။ တရုတ် မဟာယာန ဗုဒ္ဓဘာသာက သက်သတ်လွတ်စားဖို့ အလွန် အလေးထားပေတဲ့ တိဘက်နှင့် ဂျပန်မှာရှိတဲ့ ဗုဒ္ဓဘာသာတွေကတော့

အမျိုးသား အမျိုးသမီးရော ဘုန်းကြီးတွေပါ အသားစားတဲ့ အလေ့ ရှိပါတယ်။

**မေး ။ ။ သို့သော်လဲ ဗုဒ္ဓဘာသာဝင် တစ်ယောက်ဟာ သက်သတ်လွတ်သမားပဲ ဖြစ်သင့်တယ်လို့ ကျွန်ုပ် ထင်တုန်းပါပဲ။**

**ဖြေ ။ ။** လူတစ်ယောက်ဟာ သက်သတ်လွတ် ဝါဒကို တင်းတင်းကျပ်ကျပ် ကျင့်သုံးပြီး တကိုယ်ကောင်း ဆန်မယ်၊ မရိုးဖြောင့်ဘူး၊ ယုတ်ညံ့ နိမ့်ကျမယ်ဆိုရင် နောက်တစ်ယောက်က သက်သတ်လွတ်သမားတော့ မဟုတ်ဘူး၊ ကိုယ်ချင်းစာတရားရှိတယ်, ရက်ရောတယ်, သနားကြင်နာတတ်တယ်ဆိုရင် ဒီလူ နှစ်ယောက်ထဲက ဘယ်သူဟာ ပိုတော်တဲ့ ဗုဒ္ဓဘာသာဝင် ဖြစ်မလဲ။

**မေးသူ ။** ။ ရိုးဖြောင့်ပြီး သနား ကြင်နာတတ်တဲ့လူက ပိုတော်ပါတယ်။

**ဖြေသူ ။** ။ ဘာကြောင့်ပါလိမ့်။

**မေးသူ ။** ။ ဒီလိုပုဂ္ဂိုလ်က စိတ်ကောင်း နှလုံးကောင်း ရှိကြောင်း ထင်ရှားလို့ပါ။

**ဖြေသူ ။** ။ အတိအကျ မှန်ပါတယ်။ အသား မစားတဲ့ လူက စိတ်ထား မဖြူစင်ဘဲ ရှိတတ်သလို

အသားစားတဲ့လူက စိတ်နှလုံး ဖြူစင်နေတာလဲ ရှိနိုင်ပါတယ်။ ဗုဒ္ဓ တရားတော်မှာ အရေးကြီးတာက စိတ်နှလုံးရဲ့ အရည် အချင်းပါ။ အစားအစာမှာပါတဲ့ အရာ မဟုတ်ပါဘူး။

များစွာသော ဗုဒ္ဓဘာသာဝင်တွေဟာ အသား မစားဖို့ ကျတော့ သိပ်ဂရုစိုက်ကြတယ်။ တစ်ကိုယ်ကောင်း ဆန့်တာ၊ မရိုးဖြောင့်တာ၊ ရက်စက်တာ၊ မနာလို ဝန်တိုတာတွေ ကိုတော့ ကြောင့်ကြခံပြီး မစဉ်းစားကြဘူး။ လုပ်ဖို့ လွယ်ကူတဲ့ အစားအစာ ပြောင်းလဲတာကိုတော့ လုပ်ကြတယ်။ လုပ်ဖို့ခက်တဲ့ စိတ်ထား ပြောင်းဖို့ကျတော့ မလုပ်ကြဘူး။ ဒါကြောင့် သက်သတ်လွတ်စားသူ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ဗုဒ္ဓဘာသာမှာ အရေး အကြီးဆုံးက စိတ်ထား ဖြူစင်ဖို့ပဲဆိုတာ မှတ်ထားပါ။

## ၈။ ကံနှင့် ကြမ္မာ

